mgyoe.com SAMPLE BOOK



# ရေအေး | ဝတ္ထုတိုများ

(၂၀၀၄-၂၀၂၀)

mgyoe.com

mgyoe.com SAMPLE BOOK

ရေအေး | ဝတ္ထုတိုများ
(၂၀၀၃-၂၀၂၀)

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ |
| ထုတ်ဝေသူ | - ဦးမင်းထက်ဟာန်၊<br>တောင်ဇလပ်နီစာပေ ([illegible])<br>အမှတ် ၃၉/၆၀၁၊ ပထ[illegible] ၁၂လမ်း။<br>၃-ရပ်ကွက်၊ သာကေတ[illegible]ကုန်မြို့။ |
| ပုံနှိပ်သူ | - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀[illegible])<br>အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပန်းချီ | - မာဏ |
| အတွင်းအပြင်အဆင် | - ပုံရိပ်ရှင် |
| စာစစ် | - ဇလပ်နီ |
| အုပ်ရေ | - ၇၀၀ |
| တန်ဖိုး | - ၅၀၀၀ ကျပ် |

၈၀၈.၈၄
ရေအေး
ဝတ္ထုတိုများ (၂၀၀၃-၂၀၂၀)၊ ရေအေး၊ - ရန်ကုန်။
တောင်ဇလပ်နီစာပေတိုက်၊ ၂၀၂၀။
စာ-၂၉၈၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) ဝတ္ထုတိုများ (၂၀၀၃-၂၀၂၀)


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| - | စာရေးသူ၏ အမှာစာ | ၉ |
| ၁။ | တရားဟောဆရာ | ၁၁ |
| ၂။ | လူ့တစ္ဆေ | ၁၉ |
| ၃။ | နှစ်ပွင့်ပန်း | ၂၉ |
| ၄။ | မွေးမေလေ့ | ၄၁ |
| ၅။ | အိမ်နီးချင်း | ၅၃ |
| ၆။ | အရုပ်မ | ၆၅ |
| ၇။ | တောထွက်ခြင်း | ၇၇ |
| ၈။ | တိမ်ဖုံးတဲ့လ | ၈၉ |
| ၉။ | ကြွေးတင်ခြင်း | ၁၀၅ |
| ၁၀။ | လူပျိုအမေ | ၁၁၇ |
| ၁၁။ | မိုးတောထဲမှာ | ၁၂၉ |
| ၁၂။ | ဇေဒါမောင်မောင် | ၁၄၁ |
| ၁၃။ | ဘွန်ဖိုင်း | ၁၅၃ |
| ၁၄။ | သေဆုံးခြင်း | ၁၆၅ |
| ၁၅။ | ကျွန်မ အဖေ့ကို မချစ်ပါဘူး | ၁၇၇ |
| ၁၆။ | တစ်ဆစ်ချိုး ညနေ | ၁၉၃ |
| ၁၇။ | လိင်စိတ် ကုန်ခန်းနေတဲ့ မိန်းမ | ၂၀၅ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၁၈။ | ဇီဝဗေဒ | ၂၂၁ |
| ၀၉။ | ပင်လယ် | ၂၃၅ |
| ၂၀။ | အလုံပိတ်ကမ္ဘာ | ၂၅၁ |
| ၂၁။ | ည အိပ်မက်ဆိုး | ၂၇၅ |
| ၂၂။ | လေပြေရဲ့ ခရီး | ၂၈၉ |


mgyoe.com

mgyoe.com SAMPLE BOOK



## ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ အောင်ခိုင်ထွေး ဖြစ်သည်။ အဖ ဦးသက်ဦး၊ အမိ ဒေါ်မြင့်တို့မှ ၁၉၈၆ ခုနှစ်တွင် ဖွားမြင်သည်။ စိတ်ရောဂါကု ဆရာဝန်တစ်ဦး ဖြစ်သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြခံရသော 'တရားဟောဆရာ' ဝတ္ထုသည် ပထမဆုံး ပုံနှိပ်စာမူ ဖြစ်သည်။ ဝတ္ထုတို ၂၀ ကျော်နှင့် ဝတ္ထုလတ် နှစ်ပုဒ် ရေးသားပြီး ဖြစ်သည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# ရေအေးရဲ့ရေအေး

ရေအေးက ကိုယ်ဟန်ပါးပါး၊ ခပ်ပိန်ပိန်၊ အသားညိုညို၊ ပါးစပ်ပြုပြုနဲ့ တွေ့လိုက်တိုင်း မသေမသပ်ပုံစံ ပေါက်နေတယ်။ ရယ်ရင် အားရပါးရ ရယ်သလို စကားပြောရင်လည်း ပွင့်ပွင့် ပြောတတ်တယ်။ ကနဦး ဒီလိုပဲ သိကြခင်ကြရာက နည်းနည်း ကျွမ်းဝင်လာတော့ သူ့စကားတွေက တစ်ဆင့် သူက စာတိုပေစလေးတွေ ရေးတယ်ဆိုတာ သိရတယ်။ နောက်ပိုင်း တော်တော်ကြီး ကျွမ်းဝင်လာတော့ သူ့ရဲ့ စာပေအယူအဆတွေကို တွေ့တိုင်း ကြားရတော့တာပဲ။

"ကျွန်တော်က ဖော်ကျီ ဘာသာပြန်တဲ့ နိုဘယ်ဆုရဝတ္ထုတိုများကို လက်စွဲလုပ်တာ။ ဝတ္ထုတစ်ပုဒ် ရေးနေရင်း ဆက်ရေးမရရင် အဲဒီစာအုပ်ကို လှန်ပြီး တွေ့တဲ့အပုဒ် ကောက်ဖတ်လိုက်တာပဲ"

"ဝတ္ထုတိုသမားတစ်ယောက်က သူ ကြုံနေရတဲ့ ခေတ်ကိုတော့ ထင်ဟပ်ပြနိုင်တဲ့ ဝတ္ထုတွေရေးဖို့ ကြိုးစားရမယ်"

သူ ပြောတာတွေက အများကြီး။ ပြီးတော့ သူ့စကားတွေက တစ်ခေါက် တွေ့တိုင်း တစ်မျိုးပြောင်းနေတယ်။ ပထမတွေ့တော့ ခေတ်ကို ထင်ဟပ်ပြဖို့



mgyoe.com

mgyoe.com SAMPLE BOOK

ဆိုပြီး ပြောပေမဲ့ နောက် သိပ်မကြာတဲ့အချိန်တစ်ခုမှာ 'ဝတ္ထုရေးသူက ခေတ်ကို ထင်ဟပ်ဖို့ အတင်းကြီး ကြိုးစားနေဖို့ မလိုဘူး၊ ထင်ဟပ်သော် ကောင်း၏လို့ပဲ ဆိုရမယ်' လို့ ပြောင်းသွားပြန်တယ်။ 'ဝတ္ထုရေးတာက နိုင်ငံရေး လုပ်တာလည်း မဟုတ်ဘူး၊ စီးပွားရေး လုပ်တာလည်း မဟုတ်ဘူး၊ ပညာရေး လုပ်တာလည်း မဟုတ်ဘူး။ ဝတ္ထုက အနုပညာပစ္စည်းပဲ။ အနုပညာပစ္စည်း တစ်ခုကို ဖန်းတီးတဲ့ အခါ အရေးအကြီးဆုံးက အနှောင်အဖွဲ့ ကင်းဖို့ပဲ။ ကြောက်စိတ်၊ နာမည်ကြီး ချင်စိတ်၊ လက်ခုပ်သံတွေ မျှော်ကိုးတဲ့စိတ်၊ လူတွေကို ငါသိ ငါတတ် ဆရာကြီး လုပ်ချင်တဲ့ စိတ်တွေ မရှိရဘူး။ လက်ရှိ ဖန်တီးနေတဲ့ အနုပညာက လွဲရင် ကျန်တဲ့စိတ်တွေ အကုန် လွတ်မြောက်နေရမယ်' လို့လည်း ပြောပြန်တယ်။ သူ့ကို ကြည့်ရတာ လွတ်မြောက်တဲ့ စိတ်အကြောင်း ပြောရင်း မလွတ်မြောက် နိုင်တဲ့ စိတ်မျိုးစုံကြားမှာ ယက်ကန်ယက်ကန် ဖြစ်နေတာနဲ့ တူတယ်။ တစ်ခါ တလေကျတော့လည်း 'ကျွန်တော်က ဝတ္ထုတို ဘာဖြစ်ညာဖြစ်သာ ပြောနေ တာ ဝတ္ထုအကြောင်းက သိပ်မသိဘူး' လို့ ပြောတတ်ပြန်သေးတယ်။


နောက်ဆုံးတွေ့တော့ သူ့ရဲ့ ဝတ္ထုတိုတွေ စုပြီး ထုတ်တော့မယ်လို့ ပြောတယ်။ သူက ပြောသေးတယ်။ သူ့ဝတ္ထုတိုစာအုပ်က မြစ်တစ်စင်းကို အလျားလိုက် စုန်လာတာနဲ့ တူမတဲ့။ သူ့ရဲ့ ဝတ္ထုနဲ့ ပတ်သက်တဲ့ မလွတ်လပ် တာတွေ၊ ခေတ်ကို ထင်ဟပ်ပြဖို့ ကြိုးစားတာတွေ၊ လွတ်လပ်ဖို့ ကြိုးစားတာ တွေ စတဲ့အပြောင်းအလဲတွေကို တွေ့ရမတဲ့။ ပြောနေရင်း 'နောက်ပိုင်း ဝတ္ထု တွေကို ပိုကောင်းတယ်လို့ ပြောတာ မဟုတ်ဘူးနော်၊ အရင်ကနဲ့ ပုံစံမတူဘဲ ပြောင်းလာတယ်လို့ ပြောတာ' လို့ တစ်ယောက်ယောက်က သူ့ကို မကောင်း ပြောလိုက်သလို ကြောက်လန့်တကြား ထပြင်းသေးတယ်။ နောက် အကြာကြီး တိတ်ဆိတ်နေပြီးမှ 'တချို့က အဲဒီ အပြောင်းအလဲကို သဘောကျတယ်၊ တချို့ က သဘောမကျဘူး' လို့ ခပ်တိုးတိုး ဆက်တယ်။ နောက်တော့ 'ဝတ္ထုဆိုတာ ဘာမှန်း မသိသေးတဲ့သူက ဝတ္ထုတိုစုစည်းမှု ထုတ်သတဲ့၊ ရယ်ချင်စရာကြီး' လို့ အဆက်အစပ်မရှိ ပြောရင်း ရုတ်တရက် ဝါးလုံးကွဲ ရယ်ပါရော။ အဲဒါ ရေအေး အစစ်ပဲ။

ရေအေး

၉.၆.၂၀၁၉



mgyoe.com



မေတ္တာလက်ဆောင်

ဝင်းဝင်းမြင့်
၊နှင်းတော်ရှ၊

# မိုးလင်းတော့မှာလား



SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# တရားဟောဆရာ

## (၁)

ခန်းမကြီး တစ်ခုထဲတွင် ဟောပြောပွဲကြီးတစ်ခု ကျင်းပနေသည်။

"လူတိုင်းမှာ ရည်မှန်းချက်တွေ ရှိကြပါတယ်။ လူတွေ ကြံ့ရင်း သေကြတယ်။ ငှက်တွေ ပျံရင်း သေကြတယ်လို့ ပြောကြတယ် မဟုတ်လား၊ ပြီးတော့ ရည်မှန်းချက် မရှိတဲ့သူတွေကိုလည်း လှော်တက်မဲ့နေတဲ့ လှေတစ်စီး ဆိုပြီး နိုင်းနှိုင်းကြတယ်လေ။ သဘောကတော့ ရည်မှန်းချက်ဆိုတာ ဘဝရဲ့ လှော်တက်ပဲပေါ့"

တရားဟောဆရာသည် မိမိကိုယ်ကို ယုံကြည်မှု အပြည့်ရှိသော မျက်ဝန်းများဖြင့် အာပေါင်အာရင်းသန်သန် ဟောပြောနေသည်။ သူ၏ ငယ်ဘဝ အိပ်မက်များ၊ ရည်မှန်းချက်များအကြောင်း ဟောပြောချက်များက တဖြည်းဖြည်း စိတ်ဝင်စားဖွယ် ကောင်းလာသည်။

ပြောပြသည့် အထဲတွင် တရားဟောဆရာ၏ ငယ်ဘဝ ကမောက် ကမ ဖြစ်ရပုံများပါ ပါသဖြင့် ပရိသတ်မှာ တဝါးဝါး ပွဲကျလျက်။ ပရိသတ်ကြီး၏



mgyoe.com

mgyoe.com SAMPLE BOOK

ရယ်နေသောအရှိန် အနည်းငယ် သေသွားချိန်လောက်တွင် တရားဟော ဆရာသည် စကားစ၏။

"အခု ကျွန်တော် ဒီအထဲမှာ ရှိတဲ့ လူတွေထဲက တချို့ လူတွေရဲ့ ရည်မှန်းချက်ကို ဖော်ထုတ်ကြည့်ချင်ပါတယ်။ ကဲ- သမီး ဘာဖြစ်ချင်သလဲ"

လက်ညှိုးထိုး အမေးခံရသူ ကလေးမသည် ရှက်ရွံ့ဟန်ဖြင့် ခေါင်း အနည်းငယ် ငုံ့သွားသည်။ ထို့နောက် တီးတိုးဖြေသည်။

"..."

"ဘာ"

တရားဟောဆရာက မကြားဟန်ဖြင့် ထပ်မေးသည်။ ကလေးမက အသံ အနည်းငယ် မြှင့်၍ ထပ်ဖြေသည်။

"စာရေးဆရာပါ"

"အလကားပါ၊ အဲဒီ ကောင်မက စာရေးဆရာရူး"

နောက်ခုံမှ တီးတိုးစကားသံ အချို့ကို ကြားရသည်။ တရားဟော ဆရာနှင့် အမေးခံ ကောင်မလေးတို့ကမူ ကြားလိမ့်မည် မဟုတ်။ စကားသံက တိုးလွန်းနေသည်။ ထို့ပြင် ဝေးကွာ၍လည်း နေသေးသည်။ တရားဟော ဆရာက နောက်တစ်ယောက်ကို မေးရန် မျက်လုံးဝေ့ကြည့်လိုက်သည်။ လူ တော်တော်များများ ခေါင်းငုံ့သွားကြသည်။

ဒုတိယမြောက် အမေးခံရသူသည် ကောင်လေးတစ်ယောက် ဖြစ်၏။ အဖြေမှာ ဂစ်တာ တီးခတ်ချင်သည်။ ခန်းမကြီးသည် တိတ်ဆိတ်နေသည်။ တရားဟောဆရာသည် မေးခွန်းများ မေးနေခြင်းကို ရပ်တန့်ကာ တိတ် ဆိတ်မှုကို ဖောက်ခွဲလိုက်သည်။

"ဟုတ်ပြီ၊ လူတိုင်းမှာ ရည်မှန်းချက်တွေ ရှိနေတာပဲ၊ ရည်မှန်းချက် တွေ ရှိနေတာကိုက အောင်မြင်မှုရဲ့ လမ်းစ၊ အဲဒီ ရည်မှန်းချက်တွေကို ထုဆစ်မယ်၊ ပုံဖော်မယ်ဆို အောင်မြင်ရမှာပေါ့၊ စာရေးဆရာ ဖြစ်ချင်တဲ့ သမီးက စာရေးရမယ်၊ ဂစ်တာတီးတတ်ချင်တဲ့ သားက ဂစ်တာတီး သင်ရမယ်၊ ရည်မှန်းချက်ကို ပိုင်ဆိုင်တယ်၊ အဲဒီ ရည်မှန်းချက်ကို ပုံဖော်နေတဲ့ လူဟာ တစ်နေ့ အောင်မြင်မယ့် လူလို့ ရှေးလူကြီးတွေက ပြောသွားကြတယ် မဟုတ် လား"


mgyoe.com

mgyoe.com SAMPLE BOOK

ပရိသတ် တချို့၏ မျက်လုံးများသည် ရည်မှန်းချက်တို့ဖြင့် တလက်လက် တောက်ပလာကြသည်။ 'ဖြစ်ရမယ်၊ ဖြစ်ကို ဖြစ်ရမယ်' ဟု ကြွေးကြော်နေသလိုပင်။

"ကျွန်တော် ပုံပြင်လေး တစ်ပုဒ် ပြောပြပါရစေ"

တရားဟောဆရာ၏ ခွင့်တောင်းသံဆန်သော အသိပေးစကားအတွက် ပရိသတ်၏ မျက်လုံးများတွင် လက်ခံခွင့်ပြုရိပ်များ ဖျတ်ခနဲ ရစ်သမ်းသွားသည်။

"အပျံသင်စ ငှက်ကလေး တစ်ကောင်ရဲ့ ပထမဦးဆုံး ပျံသန်းခဲ့တဲ့ ခရီးရှည် အကြောင်းပါ။ ငှက်ကလေးဟာ သူ့ရဲ့ ပျံသန်းမှုအတွက် ဂုဏ်ယူမှုတွေ၊ သူ့အမေ ငှက်မကြီးရဲ့ လောကကြီးဟာ ရှုပ်ထွေးလှပါတယ် သားရယ်ဆိုတဲ့ စကားအပေါ် သံသယဝင်မှုတွေနဲ့အတူ သူ့အမေ ငှက်မကြီးနဲ့ ပျံသန်းမှု ခရီးစဉ်ကို စတင်ခဲ့ကြပါတယ်"

ပရိသတ်ကြီးသည် ပုံပြင်ကြိုက်သော ကလေးများသဖွယ် တိတ်ဆိတ်ငြိမ်သက်လျက်။

"ငှက်ကလေးအတွက်တော့ အရာရာဟာ အံ့အားသင့်စရာချည်းတွေပဲပေါ့။ စမ်းချောင်းလေးတွေ၊ မျိုးတူ ငှက်ကလေးတွေ၊ ပန်းပွင့်လေးတွေ၊ အစုံပဲပေါ့လေ။ ဒါပေမဲ့ နောက်ဆုံးတစ်ခုကတော့ သူ့ဆီကို ဒုက္ခတွေပါ တစ်ပါတည်း ယူဆောင်ပေးခဲ့တယ်"

ပရိသတ်ကြီးသည် သိလိုစိတ်နှင့် ခန္ဓာကိုယ်များ ထောင်မတ်သွားကြသည်။

"အဲဒါကတော့ ကျောင်းသားနဲ့ သူ့ရဲ့ လေးခွပဲပေါ့။ ကျောင်းသားလေးရဲ့လေးခွကြောင့် သေဆုံးသွားခဲ့တဲ့ သူ့အမေကို ငှက်ကလေးဟာ ငိုရှိုက်ရင်း စွန့်ခွာခဲ့ရတယ်"

တရားဟောဆရာ အသံသည် ဝမ်းနည်းသံများ ယှက်သမ်းလာ၏။ ပရိသတ်များကား မောပန်းနွမ်းလျဟန်များဖြင့် ထိုင်ခုံပေါ်တွင် အရုပ်ကြိုးပြတ်သလိုပင်။

"နေ့ငို ညငိုနဲ့ ငိုနေခဲ့တဲ့ ငှက်ကလေးဟာ တစ်နေ့မှာ တောငှက်ကြီး တစ်ကောင်နဲ့ တွေ့ခဲ့တယ်။ ငှက်ကြီးဟာ ငှက်ကလေးကို မေးခွန်းတွေ မေးခဲ့


mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ဘာကြောင့်များ ငိုနေသလဲ ငှက်ကလေးရယ်တဲ့။ အကြောင်းစုံကို သိရပြီးချိန်မှာတော့ ငှက်ကြီးဟာ စကားတွေ အများကြီး ပြောခဲ့တယ်။ ကျွန်တော် အဓိကပြောချင်တာက ငှက်ကြီး ပြောခဲ့တဲ့ စကားပါ။ ငှက်ကြီး ပြောခဲ့တဲ့ စကားတွေကတော့"

တရားဟောဆရာသည် ပရိသတ်ကို အကဲခတ်၏။ ပရိသတ်ကား စိတ်ဝင်စားမှုဖြင့် ငြိမ်သက်လျက်။

"ငိုပစ်လိုက်ပါ ငှက်ကလေး၊ အားရပါးရ ငိုပစ်လိုက်ပါ။ မျက်ရည်ဆိုတာ ရင်ထဲက သောကတွေကို ပုံစံပြောင်းပြီး စွန့်လွှတ်တာပဲ မဟုတ်လား။ ငိုပြီးရင်တော့ အဲဒီကိစ္စတွေကို မေ့ပစ်လိုက်ပါတော့ ငှက်ကလေးတဲ့။ ပြီးတော့ စကားဆက်ပါသေးတယ်။ ငှက်ကလေးရယ် မင်းဟာ အခုမှ ဘဝတစ်ခုထဲ တိုးဝင်ဖို့ ကြိုးစားနေတုန်း။ အခု မင်း ကြုံတွေ့ခဲ့ရတာဟာ လောကကြီးရဲ့ ကြိုဆိုမှု တစ်ရပ်ပဲလေ။ နောက်ဆို ဒီထက် ပြင်းထန်တဲ့ ကြိုဆိုမှုတွေ လာဦးမှာပါ။ မင်းသာ အဲဒါတွေကို အောင်နိုင်သွားရင်တော့ အောင်မြင်မှုကြီးဟာ မင်းလက်ထဲ မလွဲမသွေ ရောက်လာဦးမှာပေါ့။ ကဲ ငိုလို့ဝရင် မျက်ရည်တွေ သုတ်ပစ်လိုက်တော့။ နေမင်းနဲ့ လွဲလို့ ငိုနေရင် လမင်းနဲ့လည်း လွဲရဦးမှာ ငှက်ကလေးရယ်။ ဒီတော့ အငိုရပ်ပြီး လမင်းကို ကြိုဆိုကြရအောင်တဲ့"

တရားဟောဆရာ၏ စကားအဆုံးတွင် နှမ်းလျစွာ ထိုင်နေသူများ၊ ငှက်ကလေးကို သနားပြီး ငိုနေသူများသည် သူတို့၏ ပုံစံများကို အတက်ကြွဆုံး ပုံစံဖြစ်အောင် ပြင်ဆင်လိုက်ကြသည်။

"ပုံပြင်ကတော့ အဲဒါပါပဲ"

မကြာခင်က ဝမ်းနည်းသံနှင့် စကားပြောနေသော တရားဟောဆရာသည် ယခုတော့လည်း ရွှင်လန်းနေပြန်သည်။

"ဆိုလိုတာက အိပ်မက် ကိုယ်စီ၊ ရည်မှန်းချက် ကိုယ်စီကို ပုံဖော်တဲ့ အခါကျရင် အဆင်မပြေမှုတွေ ကြုံရမယ်။ အခက်အခဲတွေ တွေ့ရမယ်။ အဲဒီ အခါကျရင် ငိုမနေဘဲနဲ့ လောကဓံကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကြရမယ်လို့ ပြောချင်တာပါ။ နေမင်းနဲ့ လွဲတိုင်း ဘာလို့ ငိုရမှာလဲ။ တို့တွေ အပြုံးပန်းကို ဆင်မြန်းပြီး လမင်းကို ကြိုရမှာပေါ့။ မဟုတ်ဘူးလား"


mgyoe.com

mgyoe.com SAMPLE BOOK

ပြီးပြီဟု မကြေညာရသေးဘဲ ပရိသတ်ကြီးသည် လက်ခုပ်ကို တဖြောင်းဖြောင်း တီးသည်။ ပြန်ရန် ပြင်ဆင်ကြသည်။ ထိုစဉ် ပရိသတ်ထဲမှ အသံတစ်ခု ထွက်လာသည်။

"ငါ တစ်နေ့နေ့ တရားဟောဆရာလို ရင့်ကျက်တည်ငြိမ်တဲ့သူ ဖြစ်ရမယ်"

ထိုသူကဲ့သို့ ထုတ်မပြောသော်လည်း ပရိသတ် အားလုံး၏ စိတ်ထဲတွင် တရားဟောဆရာသည် သူတို့၏ ဟီးရိုး ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

(၂)

"အရမ်းကောင်းတာပဲဗျာ"

တရားဟောဆရာသည် သူ့အား ချီးကျူးသူတစ်ဦးကို အပြုံးဖြင့် နှုတ်ဆက်ဖယ်ခွာခဲ့သည်။ ထိုစဉ် လူတစ်ယောက်က တရားဟောဆရာ နံဘေးမှ ကပ်လိုက်ရင်း စကားစသည်။

"ကျွန်တော် အင်တာဗျူးသမား တစ်ယောက်ပါ။ ကျွန်တော် မေးခွန်း နည်းနည်း မေးချင်လို့ပါ"

တရားဟောဆရာက စဉ်းစားဟန်ပြုပြီး ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ခင်ဗျား ဘာအတွက် တရားဟောဆရာ လုပ်နေတာလဲ"

"လူတွေရဲ့ ဦးနှောက်ထဲကို ကောင်းမွန်တဲ့ အယူအဆတွေ ရောက်သွားအောင်၊ စိတ်ဓာတ်ကျနေတဲ့လူတွေ စိတ်ဓာတ်တွေ ပြန်လည်တက်ကြွလာအောင် လုပ်ပေးဖို့ပေါ့"

"ခင်ဗျား အဲဒီအတွက် ဘာတွေ ပေးဆပ်ခဲ့ရသလဲဟင်"

"အများကြီးပဲပေါ့"

ထိုမေးခွန်းအတွက် ထိုမျှသာ တရားဟောဆရာ ဖြေခဲ့သည်။

"လူတွေက ကျွန်တော့်ကို ရင့်ကျက် တည်ငြိမ်သူလို့ ထင်ကြတယ်။ ကျွန်တော်ဟာ အခက်အခဲတွေကို ပြုံးရွှင်စွာ ကျော်နိုင်လိမ့်မယ်ပေါ့။ ကျွန်တော်ကလည်း လူတစ်ယောက်ပဲလေ။ လှပတဲ့ ပန်းပုရုပ်ကို ထုတဲ့


mgyoe.com

mgyoe.com SAMPLE BOOK


လူတိုင်း မလုပါဘူး။ ဒီလိုပဲပေါ့။ ကျွန်တော်လည်း အခက်အခဲတွေ တွေ့ပြီး စိတ်ဓာတ်ကျနေချိန်မှာ နေမင်းနဲ့လွဲလို့ ငိုနေမယ်ဆိုရင် လမင်းနဲ့လည်း လွဲရဦးမှာပေါ့ ဆိုပြီး ပုခုံးကို အားဖြည့် ဆုပ်ကိုင်ပေးမယ့် လက်အစုံကို မျှော်လင့်တာပေါ့"

ထို စကားများသည်ကား တရားဟောဆရာ၏ စိတ်ထဲတွင် ပြောခဲ့သော စကားများ ဖြစ်၏။

(၃)

ညသည် လမသာပါ။ ကြယ် အချို့ကတော့ တောက်ပနေသည်။ အကယ်၍များ ထိုအချိန်တွင် တရားဟောဆရာ၏ အခန်းထဲသို့ ဝင်သွားလျှင် မျက်ရည်များနှင့် တရားဟောဆရာကို တွေ့ကြရမည် ဖြစ်သည်။

"ဘာဖြစ်လို့ ငိုနေတာလဲ တရားဟောဆရာ"

ထိုအခါ တရားဟောဆရာသည် မချိပြုံး ပြုံးပြီး မှသာဝါဒ တစ်ခုကို ကျူးလွန်လိမ့်မည်။

"မျက်စိထဲ ပိုးကောင် ဝင်သွားလို့ပါဗျာ"

ထိုသူသာ မျက်စိရှင်သူ ဖြစ်ပါက စာကြည့်စားပွဲပေါ်တွင် စာနှစ်စောင် တွေ့ရမည် ဖြစ်သည်။

ပထမတစ်စောင်သည် သမီး နေမကောင်း၍ ငွေပို့ပါရန် ဖြစ်ပြီး ဒုတိယတစ်စောင်မှာ သမီးဆုံးကြောင်း အသိပေးစာ ဖြစ်၏။

ထိုစာနှစ်စောင်၏ ရက်စွဲသည် ခုနစ်ရက်ခန့် ကွာပြီး ဒုတိယစာနှင့် ယခု နေ့ရက်စွဲကမူ သုံးရက်သာ ကွာသည်။

(၄)

"တရားဟောဆရာ ဘာဖြစ်လို့ ကိုယ့်လိုအပ်ချက်ကို မပြောတာလဲ။ ဘာလဲ လူတွေက ခင်ဗျားကို ယုံကြည်မှု မရှိမှာ စိုးလို့လား"


mgyoe.com

mgyoe.com SAMPLE BOOK

"ဒါမှမဟုတ် အင်း... ဒါမှမဟုတ် ခင်ဗျားကို အထင်ကြီးနေတဲ့ စိတ်တွေ ပျောက်သွားမှာ စိုးလို့လား။

ထိုမေးခွန်းမှာ တရားဟောဆရာ၏ အကြောင်းကို အင်တာဗျူးသူ အတွင်းကျကျ သိသောအခါ မေးမည့် မေးခွန်း ဖြစ်သည်။

သို့သော် ယခုအချိန် အထိတော့ တရားဟောဆရာသည် သူ၏ လျှို့ဝှက်ချက်ကို ထိန်းထားနိုင်ဆဲ ဖြစ်၏။


ရွှေအမြုတေမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၃။

⁜


mgyoe.com

mgyoe.com SAMPLE BOOK

# ၊ လူတစ္ဆေ ၊



mgyoe.com

mgyoe.com SAMPLE BOOK

# လှူတာခွေ

## (၁)

လဲလျောင်းအိပ်စက်နေသော လူတစ်ယောက်နှင့် တူသည့် မြို့ကလေး၏ ညာဘက်လက်ဖဝါး နေရာခန့်တွင် ကြီးမားခဲ့ထည်သော အိမ်ကြီးတစ်လုံး ရှိ၏။ ဘေးပတ်ပတ်လည်တွင် ရှိသော အိမ်သိမ်၊ အိမ်မွှား၊ အိမ်စုတ်၊ အိမ်ပဲ့၊ အိမ်မည်ကာမတ္တလေးများကြောင့်ပင် အိမ်သည် ပို၍ကြီးမားပြီး ပို၍ခံ့ထည်နေပေသည်။ ကြီးမားလှသော တံခါးပေါင်များ၊ ကြီးမားလှသော သံပန်းများနှင့် ကြီးမားလှသော လှေကားများ၊ အိမ်ထဲတွင် အသေးအမွှားပစ္စည်းဟူ၍ ဘာတစ်ခုမျှ မရှိ။

စိတ်ကူးပေါက်တိုင်း ဝယ်ထည့်ထားသော အလှပြ ပစ္စည်းများသည်လည်း ဖောခြင်းသောခြင်း။ ပေါလစ်ဆီရောင် ပြောင်လက် တောက်ပနေသော သစ်သားဆက်တီခုံ ခန့်ခန့်။ ထိုအပေါ် အလယ်တည့်တည့်တွင် ခင်းထားသည့် သမင်ဖိုမနှစ်ကောင် လည်ချင်းယှက်နေဟန် ဖန်ပန်းအိုး။ အိမ်ကြီးရှင်မ၏ စိတ်တွင် အလှပဆုံးဟု တွေးကာ ပြင်ဆင်ထားသည့်တိုင် အိမ်သည် ယင်း


mgyoe.com

ပစ္စည်းပစ္စယများကြောင့်ပင် လွှန်လွှန်ကျူးကျူး အလှပြင်ထားသည့် အပျက်မနှင့် တူနေ၏။

ထိုအိမ်ကြီး၏ ပိုင်ရှင်သည်ကား ထိုမြို့ကလေး၏ မီးရထား ကုန်တင်ကုန်ချဌာနမှ တစ်ဦးတည်းသော ကြီးကြပ်ရေးမှူး ဖြစ်ပေသည်။

တစ်ချိန်ကမူ ထိုကြီးကြပ်ရေးမှူးသည် ကုန်းကောက်စရာ မရှိသော ဘဝ ဖြစ်သည်။ ယခုကဲ့သို့သော အိမ်ကြီး အိမ်ကောင်းမျိုးကို အိပ်မက်ပင် မမက်ဝံ့။ ချို့တဲ့သော ကုန်တင်ကုန်ချ အလုပ်သမားဘဝ။ မပြောင်ရောင်သော အိမ်ထောင်သည် ဘဝ။ အရပ်ပုပု၊ ဝဝ၊ မျက်နှာ ပြုံးချိချိနှင့် ကြက်သွန်၊ ဆီ၊ ဆား အိမ်မှုကိစ္စများတွင် အမြဲတစေ နစ်မြုပ်နေခဲ့သည့် သနားစရာ သူ့မယားကြီး သေဆုံးချိန်တွင် သူ့ဘဝသည် သားနှစ်ယောက်ဖအေ မုဆိုးဖို။ ဟိုဘက်ဒီဘက်ပင် လှည့်မရသော တကယ့် အကျပ်ကြီးအဖြစ် ကျန်ခဲ့၏။ မနက်၊ နေ့ခင်းနှင့် ညဘက်များတွင် စဉ်ဆက်မပြတ် ရောက်လာကြသော ကြွေးရှင်၊ မြီရှင်များကြောင့်ပင် 'ပြေးစရာလည်း မြေမရှိ' ဆိုသော စကားကိုပင် ကျယ်ကျယ် မဆိုဝံ့။ လူ မပီတပီ ကလေးနှစ်ယောက်ကို ကြည့်ကာ သေမင်းကိုသာ တမိပေသည်။

သို့သော် သူ့မယားကြီးသည် ကံဆိုးခြင်းများကို သူနှင့်အတူ တစ်ပါတည်း ယူသွားခဲ့ဟန် တူ၏။ သူသည် ကုန်တင်ကုန်ချဌာန၏ စာရေး ဖြစ်လာ၏။ ဤတွင် ကြံ၍ ဖန်၍ရသော အပိုဝင်ငွေများကြောင့် အသက်ဝဝ ရှူလာနိုင်သည်။ ထမင်းကို ဝဝစားနိုင်လာသည်။ အဝတ်ကို လှလှ ဝတ်နိုင်လာသည်။ ထိုအချိန်တွင် သူသည် မိန်းမတစ်ယောက် ယူရန် စိတ်ကူးမိလေသည်။

သူ၏ ဒုတိယမယားသည် သမီးတစ်ယောက်အမေ မုဆိုးမ ဖြစ်၏။

သို့သော် အရင်လင် သေသည်မှာ ကြာပြီဖြစ်လေရာ တောင့်တင်းဖြောင့်စင်းသော ကိုယ်သည် အပျိုလေးကဲ့သို့ပင်တည်း။ သူ့အား 'ကိုကြီး'ဟု ချွဲချွဲနွဲ့နွဲ့ ခေါ်၏။ တီတီတာတာ ပြုမူတတ်သည်။ ပြီးလျှင် သူ ရှာဖွေ၍ ရသမျှ ငွေကိုလည်း ကုန်ရောင်းခြင်း၊ ကုန်ဝယ်ခြင်း စသော နည်းမျိုးစုံဖြင့် တိုးပွားစေသေးသည်။

ယခု အသက်ငါးဆယ် ကျော်ခဲ့ချိန်တွင် သူ့ဘဝသည် ရွှေရောင်တောက်ပသော ကာလများပေတည်း။ သူ့တွင် အိမ်ကောင်းကောင်း ရှိ၏။



mgyoe.com

mgyoe.com SAMPLE BOOK

စားစရာ သောက်စရာ အပြည့်အစုံ ရှိ၏။ သူ၏ မိတဆိုး သားနှစ်ယောက်သည်လည်း အဝေးသို့ ရောက်နေသည့်တိုင် အလုပ်နှင့် အကိုင်နှင့်။ ပူပန်စရာမလို။

သူ့ မယားသည် တောင့်တင်းသော ခန္ဓာကိုယ်မှ ဝပြဲသော ခန္ဓာကိုယ်အဖြစ်သို့ ပြောင်းလဲလာသည်မှ လွဲ၍ အိမ်ထောင် အထိန်းအသိမ်း တတ်၏။ မကြာသေးခင်ကလည်း သူသည် စာရေးဘဝမှ ကြီးကြပ်ရေးမှူး အဖြစ် ရာထူးတိုးခဲ့သေး၏။

ဘဝသည် နေပျော်စရာတည်း။

(၂)

မနက်လေးနာရီ ဒေါင်ခနဲ ခေါက်ချိန်တွင် ပေါင်နှစ်ရာကျော်ရှိသော သူ့အတ္တဘောကြီးသည် အင်းအင်း အားအား မြည်၍ တွန့်လိမ် လူးပ်ရှားလာ၏။ မျက်လုံးများကို ပိတ်ထားဆဲဖြင့် အိပ်ရာထဲမှ ကုန်းရုန်းထဖို့ ပြင်၏။

အမှောင်ထဲတွင် သူ၏ ကြီးမားပြန့်ကားသော လက်ဝါးဖြင့် ဟိုဟိုဒီဒီ စမ်းလျှင် သူ ပထမဆုံး စမ်းမိသည်မှာ ပျော့ပျော့အိအိ လုံးလုံးရှည်ရှည် အရာဖြစ်သည်။ သူ့ထက် ပို၍ တုတ်ခိုင်သော သူ့မယား၏ လက်မောင်းပေတည်း။

သူသည် ထိုလက်မောင်းကို ညင်သာစွာ ဖယ်ပြီးလျှင် သူ၏ လက်များကို ဆက်လက် အလုပ်ပေးပြန်၏။ ခဏကြာလျှင် သူသည် အမှောင်တွင် ငုတ်တုတ်ထိုင်လျက် ရှိသည်။ သူ့ပတ်ဝန်းကျင်တွင်ကား စူးရှရှ ဆေးပြင်းလိပ်နံ့သည် ထောင်းထောင်းထနေလေပြီ။ သူသည် လက်တစ်ဆစ်ခန့်ရှိသော ဆေးလိပ်တိုကို ကိုက်ထားပြီး အချိန်အတော်ကြာ ငိုင်နေ၏။ ထို့နောက်မှ ပျက်နေသော လျှပ်စစ်မီးကို သတိရကာ 'သောက်မီး'ဟု စိတ်ထဲမှ ဆဲရေးလိုက်သည်။

အတန်ငယ်ကြာလျှင် သူ၏ မျက်လုံးများသည် ယိမ်းထိုးနေသော ဖယောင်းတိုင် မီးရောင်အောက်မှ အရာဝတ္ထုများကို အတော်ပင် ခွဲခြားနိုင်လေပြီ။ ခုတင်ဘေးရှိ သစ်သားဗီရိုနှင့် မှန်တင်ခုံ။ မလှမ်းမကမ်းရှိ စားပွဲ။ အရာတစ်ခုချင်းစီကို စုံမက်သော မျက်လုံးများဖြင့် ကြည့်နေရာမှ သူ့ဘေးတွင်


mgyoe.com

mgyoe.com SAMPLE BOOK

ပိုးလိုးပက်လက် အိပ်နေသော သူ့မယားကို မြင်လျှင် ဆတ်ခနဲ မျက်နှာလွှဲ၏။ သို့တိုင် သူ့မျက်စိသည် နေ့ခင်းအချိန်များ၌ 'ဟင်းဟင်း' ရယ်တတ်သော၊ နှုတ်ခမ်းနီ မပြတ် ဆိုးတတ်သော ပါးစပ်သည် ဟလျက်ရှိပြီး သွားရည် တသွင်သွင် စီးနေသည်ကို မြင်ဖြစ်အောင် မြင်လိုက်ပေသည်။

ထို့နောက် သူသည် ခေါင်းကို ခပ်ဆတ်ဆတ် ယမ်းပြီးနောက် ခြေရင်း နားတွင် ပုံနေသော စောင်ကို ဘေးသို့ဖယ်၍ ခုတင်ပေါ်မှ အသာအယာ ဆင်း၏။ ကြမ်းကို ခြေထိသည့်အခါတွင်လည်း ဖွနိုင်သမျှ ဖွ၏။ သူ့မယား အချောအလှ နိုးမှာ စိုး၍ပေတည်း။ အိပ်ရေးပျက်မှာ စိုးရိမ်၍ကား မဟုတ်။ နိုးလာသည်နှင့် တစ်ပြိုင်နက် အဆက်မပြတ် ကြားရသော ချော့သံ၊ မြူသံ၊ ပစ္စည်းဥစ္စာ တောင့်တသံ၊ စိတ်ဆိုးသံ၊ ဆဲရေးသံ၊ ငိုသံ၊ ရယ်သံတို့ကို မကြား လိုသောကြောင့်တည်း။

သူ့လက်ထဲမှ ဖယောင်းတိုင် မီးညွန့်သည် ယိမ်းထိုးနေသည်။ ထို့ အတူ သူ ပိုင်ဆိုင်သော ပစ္စည်းပစ္စယများ၏ အရိပ်မည်းမည်းများသည်လည်း ယိမ်းထိုးနေသည်။ အိပ်ခန်းအတွင်းမှ ထွက်ကာ ညေ့ခန်းအတွင်းသို့ ဝင်မိလျှင် ကလေးတစ်ယောက်၏ စိတ်နီးပါး ဖြူစင်နေသော သူ့စိတ်တွင် မကျေနပ်ခြင်း များ ပြူထွက်လာ၏။ အရှေ့နှင့်အနောက် ကစဉ့်ကလျား ရှိနေသော ဆက်တီခုံ များ၊ စားလက်စ ဇွန်းတန်းလန်းနှင့် ဆီပေသော လက်ဖက်ပန်းကန် ပက်လက်၊ ဖွေးဖွေးလှုပ်နေသော နေကြာစေ့ခွံများ အားလုံးသည် ဖရိုဖရဲတည်း။

'ဒီဒီယိုကို ကြည့်ပြီးရင် ပဝါ အုပ်ထားပါဆိုတာ ဘယ်တော့မှ မအုပ်ဘူး။ ပစ္စည်းဆိုရင် ရှိသေစိတ်ကို မရှိဘူး။ အမေလည်း အတူတူ၊ သမီး လည်း အတူတူ။ ဖိမ်ခံဖို့ပဲ တတ်တယ်။ ပျက်ရင် ငါ့ပိုက်ဆံတွေနဲ့ ပြင်ကြ ပြန်ဦးမယ်။ ငါ့မှာတော့ ကျွန်ကြီးလုံးလုံး ဖြစ်ပါရော့လား' ဟု စိတ်ထဲတွင် သူ့ကိုယ်သူ သနားလာမိ၏။

ထမင်းစားခန်းကို ဖြတ်လာချိန်တွင် မသိမ်းမဆည်းရသေးသော ခွက်ယောက်ဇလုံနှင့် ပန်းကန်တို့ကို မြင်လျှင် သူ့စိတ်သည် ပို၍ မတည်ငြိမ် ဖြစ်လာ၏။ အိမ်သာတံခါး ဖွင့်ချိန်တွင် ထောင်းခနဲ ထွက်လာသော မစင်နံ့ ကြောင့် ဝေ့ခနဲ ပျို့လျှင် ပါးစပ်တွင် ကိုက်ထားသော ဆေးလိပ်တိုသည် ပြုတ်ကျသွား၏။


mgyoe.com

mgyoe.com SAMPLE BOOK

"အိမ်သာ တက်ပြီး ရေမလောင်းထားဘူး။ ဒါ ဟို အယုတ်တမာ မလေးပဲနေမှာ။ သောက်ကျက်သရေ မရှိ"

သူသည် တစ်ခုကို မြင်လျှင် စိတ်တိုလိုက်၏။ အခြားတစ်ခုကို မြင်လျှင် နှမြောခြင်း ဖြစ်လိုက်၏။ ထို့နောက် အခြားသော တစ်ခုကို မြင်လျှင် မသတိ ဖြစ်လိုက်ပြန်၏။ အဆုံးတွင် သူ့ကိုယ်သူသာ သနားခြင်း ဖြစ်ကျန်ခဲ့ပေသည်။

'ကျွန်ုပ်ပါလား၊ ငါဟာ ကျွန်ကြီးလုံးလုံး ပါလား' ဟု တတွတ်တွတ် ရွတ်သည်။ 'ငါ့ပစ္စည်းတွေ၊ ငါ့ဥစ္စာတွေ' ဟု ပွစိပွစိ ပြောသည်။

'ဒင်းတို့ကတော့ စည်းစိမ်ခံစားနေလိုက်ကြတာ' ဟု အိပ်နေသော မယားနှင့် မယားပါသမီးကို လှမ်း၍ ငြူစူသည်။ ဤသို့လျှင် တိတ်ဆိတ်စွာ မြည်တွန်တောက်တီးခြင်း ပြုပြီး အိမ်မှ ဘူတာသို့ ထွက်လာချိန်သည် ခြောက်ချက်ခန့် ရှိပြီတည်း။

■

သူ ဘူတာသို့ ရောက်ချိန်သည် ခြောက်နာရီ ခွဲလုချေပြီ။

နဘား-မြစ်ကြီးနား ခေါက်ပြန်ရထားသည် အသံပင် မကြားရသေး။ ဘူတာ၏ လက်မှတ် အရောင်းစာရေးသည် ခုံတွင် ထိုင်ကာ ငိုက်မျဉ်းနေ၏။ ခရီးသွား အချို့သည် ဘူတာစင်္ကြံ၏ ခုံတန်းများပေါ်တွင် ငိုင်တိုင်တိုင် ထိုင်နေကြသည်။ ရထားဈေးသည် အချို့သည်သာ ခြင်းကြီးခြင်းငယ်ကို ဘေးချကာ အာပေါင်အာရင်း သန်သန်နှင့် ဘဝဇာတ်စုံ ခင်းနေ၏။

သူသည် စိုးစန္ဒာထွန်း၏ မေတ္တာပို့ ဓမ္မတေးကို ကျယ်လောင်စွာ ဖွင့်ထားသော ဘူတာလက်ဖက်ရည် ဆိုင်ထဲသို့ ချိုဆိမ့်ဝမ်းဟု မှာရင်း ဝင်ထိုင်လိုက်သည်။

သူ့မယား၊ မယားပါ သမီး။ ထိုမှ ငွေကြေး၊ ပြီးနောက် ရထား၊ ဂါတ် ဗိုလ်၊ ရုံပိုင်၊ ဆန်ကုန်သည် စသော အတွေးမျိုးစုံ တွေးနေသော သူ့ထံသို့ ဆီညှော်နံ့သည် ရှဲခနဲ အသံနှင့်အတူ တစ်ချက်တစ်ချက် ပျံ့လွင့်လာ၏။

"ဦးပေါက်"

mgyoe.com

'ပေါက်ခေါ်' ဆိုသည့် သူ၏ နာမည်ဆိုးဆိုးကို ချစ်စဖွယ် ဖြစ်အောင် ခေါ်သော ပီယဝါစာ အသံနှင့်အတူ အရိပ်တစ်ခုသည် သူ့ရှေ့သို့ ရောက်လာ၏။ အသက်သုံးဆယ်နီးနီး မိန်းမတစ်ယောက် ဖြစ်သည်။ တောင့်တောင့်တင်းတင်း ကိုယ်ဟန်၊ ပခုံးပေါ်တွင် ဝေ့ကာဝဲကာ ကျနေသော နီကြင်ကြင်၊ လိမ်ကောက်ကောက် ဆံပင်လိပ်၊ ပြုံးနေသော မျက်နှာနှင့် ထိုမိန်းမသည် ပွင့်ဖူးစ ပန်းကဲ့သို့ အပြစ်မကင်းသည့်တိုင် သူ့အတွက်မူ စိတ်ချမ်းမြေ့စရာတည်း။ သူသည် အိမ်တွင် ကျန်ခဲ့သော သူ့မယားအား ဖျတ်ခနဲ သတိရမိသည်။

"ဒီနေ့ ကျွန်မ ဆန်တင်ပေးပါနော်။ ခုနစ်ဆယ်ထဲပါနော် ဦးပေါက်။ ပြီးတော့ အပိုကြေးလည်း လုပ်မနေနဲ့ဦး၊ နော်လို့ ဦးပေါက်"

'နော်... ဦးပေါက်' ဆိုသော စကားကို နှစ်ခါ ထပ်ကြားလျှင် သူသည် 'ဒီကောင်မလေး ဆန်ကို ဒီနေ့ တင်ပေးမည်' ဟု ဆုံးဖြတ်၏။

'လောဘကြီးတဲ့ ကောင်မ' ဟု ရင့်ရင့်သီးသီး မတွေးမိဘဲ 'ခမျာလည်း တင်ချင်ရှာမပေါ့'ဟု ပျော့ပျော့လေး တွေး၏။ သို့သော် သူ၏ မျက်လုံးတွင် ထိုအရိပ်ကို မပြ။ အရေးပါ အရာရောက် ဆုံးဖြတ်ပိုင်ခွင့်ရှိသူတစ်ဦး၏ မျက်နှာဖုံးကို မာထန်စွာပင် တပ်ဆင်လိုက်သည်။

"မင်းတို့ဟာက လောဘချည်းပဲ"

ဟု အစချီသော သူ၏ မြည်တွန် တောက်တီးခြင်းကို စတင်၏။ သူ၏ နားတွင်မူ 'နော်... ဦးပေါက်၊ နော်... ဦးပေါက်' ဟူသော အသံသည် ဝေ့ဝေ့ဝဲဝဲ ရှိ၏။ စိုးစန္ဒာထွန်း၏ အသံကိုလည်း မကြားတော့။ ဆီညှော်နံ့သည်လည်း မရတော့။ သူ့မယားနှင့် ရထားသည်လည်း အတွေးထဲမှ ထွက်ပြေးလေ၏။ နောက်ဆုံး ရထား သံချောင်းခေါက်သံ ကြားပြီး ဆိုင်မှ ထွက်ခါနီး မတ်တတ် ရပ်ကြချိန်တွင် သူသည် ထိုမိန်းမငယ်၏ တင်ပါးကောက်ကောက်ကို ဖြန်းခနဲ ပုတ်၍ -

"အေးပါ တင်လို့ရရင် တင်ပေးပါမယ်"

ဟု ဆိုသည်။ ရထားသံ ကြားလျှင် ဆန်ကုန်သည်များသည် မိခင် ဝက်မကြီး မြင်သော ဝက်သားပေါက်များကဲ့သို့ ဂိုထောင်ရှေ့တွင် စုဝေးလာကြသည်။

"ဒီနေ့ ဘယ်သူ့ဆန် တင်မှာလဲ ဦးပေါက်ခေါ်"


mgyoe.com

mgyoe.com SAMPLE BOOK

"အပိုကြေး တင်လို့ရရင် ကျွန်မဆန် တင်ပါ"

"သိပ်လည်း လုယက်မနေကြပါနဲ့ဦး။ ငါတို့လည်း လုပ်စားပါရစေဦး"

သူ၏ မျက်နှာထားသည် တင်းမာနေသည်။ တစ်ယောက် တစ်ပေါက် အသံများကို ဂရုမထားဟန်ဖြင့် အလုပ်သမားများအား -

"ဟိုဆန်ထုတ်၊ ဒီဆန်ထုတ်"

ဟု အော်၏။ သူ့စိတ်တွင်မူ 'လောဘချည်းပဲ၊ အားလုံး လောဘချည်းပဲ' ဟူသော စကားကို ထပ်ခါ ထပ်ခါ ရွတ်နေသည်။ 'ဒီအချိန်မှာများ လက်ထဲ ဓားထည့်ပေးလိုက်ရင် သတ်ကုန်ကြမလား မသိဘူး' ဟု ခပ်ချဉ်ချဉ် တွေး၏။ ရထားဆိုက်လျှင် သူသည် 'ခွေးမသား ဂါတ်ဗိုလ်က ဆန်အပိုသုံးရာ လောက် ရှောရှာရှူးရှူး ယူပါစေ' ဟု ဆုတောင်း၍ ရထားနောက်မြီးသို့ ပြေးသည်။

သူနှင့် ညှိရသော ဂါတ်ဗိုလ်သည် လောဘကြီးသလောက် အကြောက် ကြီးသောပုဂ္ဂိုလ် ဖြစ်သည်။ ထိုလူ၏ မျက်နှာသည် အကြောက်တရားနှင့် လောဘတို့၏ စစ်တလင်းဖြစ်ကာ ပို၍ အိုစာနေသည်။ သူသည် -

'လုပ်ပါ ဆရာရယ်၊ သုံးရာလောက်တော့ အပိုကြေးနဲ့ ယူသွားပါ။ တခြား ဂါတ်ဗိုလ်တွေလည်း ယူနေကြတာပဲ။ ဘာမှ မဖြစ်ပါဘူး'

ဟု ပြောရင်း စိတ်ထဲကမူ 'နွားအိုကြီး ငွေလိုချင်လိုက်တာလည်း ပျာလို့၊ ကြောက်လိုက်တာကလည်း ချာလို့' ဟု ရေရွတ်၏။ ဂါတ်ဗိုလ်သည် -

"တင်ချိန်က ကြာမှာ၊ လမ်းမှာ အထက်က ဆင်းစစ်ရင် ကျုပ်က ထုချေလှာ တင်ရသေးတယ်"

ဟု ဝေခွဲမရဟန်ဖြင့် တုန်တုန်လှုပ်လှုပ် ရွတ်သည်။ သူသည် -

"မကြာစေရပါဘူး ဆရာရယ်။ မကြာစေရပါဘူး။ ဆရာ့ကို ငွေ ခုနစ်သောင်းခွဲ အလကား ရစေချင်လို့ပါ"

ဟု ခပ်ထေ့ထေ့ ပြောပြီး တစ်ဆက်တည်းမှာပဲ -

"ကဲ တင်ပြီနော်"

ဟု စကားသတ်ကာ အလုပ်သမား အုပ်စုဘက်သို့ လက်မထောင် ပြ၍-

"သုံးရာ" ဟု အော်လိုက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ရထားသည် ပစ္စည်းတင်ပြီးချိန်တွင် တရွေ့ရွေ့ ထွက်ခွာ၏။ ဆန်တင်ရသော ကုန်သည်များသည် တပြုံးပြုံးရှိ၍ ဆန်မတင်ရသူများကမူ ပွစိပွစိ။ သူနှင့် လက်ဖက်ရည်ဆိုင်တွင် တွေ့ခဲ့သော မိန်းမသည် ပြုံးရယ်၍ 'ဦးပေါက် ပြန်ပြီ' ဟု သူ့လက်မောင်းကို ပုတ်၍ ဆိုသည်။ သူသည် လှုပ်ယမ်းနေသော တင်အစုံကို လိုက်ငေးကြည့်ရင်း တံတွေး မျိုသည်။

"အင်း ဆန်သည်တွေက အပိုကြေးနဲ့ တင်ရင်တောင် တစ်လုံးငါးရာ လောက်တော့ မြတ်မှာ။ ဂါတ်ဗိုလ် ဆိုလည်း မထမ်းရ၊ မပိုးရ၊ ရထားက ဆွဲသွားပြီး နှစ်ရာ့ငါးဆယ် ရတာ။ ရုံပိုင်ဆို အရိပ်တောင် ပြစရာမလိုဘဲ နှစ်ရာရတယ်။ ငါ့မှာသာ ဂါတ်ဗိုလ်ကို ဆရာ ခေါ်လိုက်ရ၊ ဟိုပြေးလိုက်ရ၊ ဒီလွှားလိုက်ရ၊ အော်ဟစ်လိုက်ရ။ ပြီးတော့ စကားကလည်း လျှာပြတ်တော့ မတတ် ပြောလိုက်ရသေးတယ်။ ရတော့ ဂါတ်ဗိုလ် ပေးရသလိုလို၊ ရုံပိုင် ပေးရသလိုလိုနဲ့ လိမ်ယူလိုက်ရတဲ့ တစ်ရာ့ငါးဆယ်တဲ့။ အမယ်လေး မတန်ပါလား နော်"

သူသည် တွက်ရင်း၊ ချက်ရင်း၊ သူ့ကိုယ်သူ သနားရင်းပင် အိမ်ပြန်ရမည့်အရေးကို သတိရပြီး သက်ပြင်း ကြီးကြီးချ၏။ ငရဲတွင်းထဲ ဆင်းရပြန်ဦးမည်။

(၃)

"သမာ သမတ်သမား၊ သမ္မာ အာဇီဝသမားတွေကိုတော့ ဘုန်းကြီးက ဒီစာရင်းထဲ မထည့်ပါဘူး။ မကောင်းမှုတွေ လုပ်၊ လိမ်လည်လှည့်ဖြားပြီး ငွေရှာတဲ့ ဝိသမ လောဘသမားတွေကိုပဲ ပြောချင်တာပါ။ အဆင်မပြေတုန်းက လည်း အဆင်မပြေလို့ ဆိုပြီး လိမ်တယ်။ ဟော အဆင်ပြေလာပြန်တော့ အိမ်သေးသေးကနေ အိမ်ကြီး ဆောက်ချင်လာရော။ အိမ်အကြီးကြီး ဆောက်ပြီး ပြန်တော့ တီဗွီတို့၊ ရေခဲသေတ္တာတို့ လိုချင်ပြန်ရော။ အဲ အားလုံးလည်း ပြည့်စုံရော အိမ်မှာရှိတဲ့ မိန်းမထက် ပိုလှတဲ့မိန်းမ နောက်တစ်ယောက်ကို လိုချင်ပြန်ရော။ လောဘ၊ လောဘ၊ အတောမသတ်နိုင်တာ ပြောပါတယ်။ ရလေ လိုလေ အိုတဏှာ ဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား။ အဲဒါ


mgyoe.com

mgyoe.com SAMPLE BOOK

တစ္ဆေပဲ။ မသေသေးဘဲ အရှင်လတ်လတ် ဖြစ်သွားတဲ့ တစ္ဆေပဲ။ လူ့တစ္ဆေ ခေါ်တယ်။ မသေခင်က တစ္ဆေ၊ သေပြီးရင် ဘာဖြစ်မလဲ"

တရားဟော ဓမ္မကထိကသည် လောဘအကြောင်းကို ဟာသ စွက်လိုက်၊ တင်းတင်းမာမာ ဆိုလိုက်ဖြင့် ပရိသတ်အား သူ့ဘက်ပါအောင် ဆွဲခေါ်နေချိန်တွင် တရားပွဲ၏ ရှေ့နားကျကျ၌ ခေါင်းငုံ့၍ တရားနာနေသော ကြီးကြပ်ရေးမှူး၏ ခေါင်းသည် ပို၍ ငုံ့သွား၏။ သူ၏ မျက်နှာသည် ထူပူလျက်၊ နားတွင် ဘာမှ မကြားတော့။ ထို့အတူ သူ့အာရုံတွင် ဘုန်းကြီးအပေါ် မကျေနပ် ခြင်းများ ဆူဝေနေ၏။

"လောဘကို ဘာနဲ့ သတ်မလဲ" ဘဲ့

"ဒါနနဲ့ သတ်ပါမယ် ဘုရား"

ဓမ္မကထိက၏ အမေးကို ဖြေလိုက်ကြသော တရားနာ ပရိသတ်၏ အသံသည် သူ၏ အာရုံကို လှုပ်နှိုးလိုက်၏။

"ဘုန်းကြီးလည်း ကျောင်းအသစ် လိုချင်နေပြီပဲ"

ဟု သူသည် မသိဆိုးရှားစွာ တွေး၏။

ရံဖန်ရံခါတွင် တစ္ဆေတို့သည် ကိုယ့်အား ချေချွတ်သူကိုပင် ရန်သူ ထင်တတ်ကြပေ၏။

ရွှေအမြုတေမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၂၀၁၃။

✳


mgyoe.com

mgyoe.com
SAMPLE BOOK

# ၊ နှစ်ပွင့်ပန်း ။

mgyoe.com

mgyoe.com SAMPLE BOOK

# နှစ်ပွင့်ပန်း

## (၁)

နု ရေချိုးဆိပ်မှ တက်လာချိန်တွင် ဘုန်းကြီးကျောင်းသို့ ရှင်လောင်းပို့သွားကြသော လူတန်းကြီး၏ နောက်မှ ဖုန်တသောသောကို ရိပ်ခနဲ မြင်လိုက်ရသည်။ ညနေပင် စောင်းလုချေပြီပဲ။ အိမ်၏ အနောက်ဘက်ခြမ်းတွင် ရှိသော နု၏ အခန်းအတွင်းတွင် ထရံကြိုကြားမှ ဖြတ်သန်းလာသော အလင်းတန်းများသည် စွေစွေစောင်းစောင်း ကျဆင်းနေ၏။ အခန်း၏ ကြမ်းပြင်ထက်တွင် ကျပ်ပြားဝိုင်းသာသာ အလင်းပေါက်များသည် လှုပ်လှုပ်ရွရွ၊ ရိုးရိုးရိပ်ရိပ်။ အခန်းသည် ရှစ်ပေပတ်လည်အခန်း ဖြစ်သည်။ သေသပ်စွာ ခေါက်ထားသော အိပ်ရာသည် ခေါင်းရင်းဘက် နံရံတွင် ကပ်ပြီး ငြိမ်သက်နေ၏။ ဝင်ပေါက်နှင့် တည့်တည့် ညာဘက်ခြေရင်းထောင့်တွင်မူ ပေါလစ်ဆီရောင် ပြောင်လက်နေသည့် ကျွန်းသေတ္တာသည် ဣန္ဒြေရရ လဲလျောင်းနေသည်။ ထိုသေတ္တာနှင့် နှစ်တောင်ခန့် အကွာတွင်မူ မှန်တင်ခုံနှင့် သနပ်ခါးစင်သည် အပျိုပေါက် တစ်ယောက်သဖွယ် ကပိုကရို ရှိနေလေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

သနပ်ခါးစက်များ စွန်းပေနေသော မှန်ထဲမှ ကိုယ့်အရိပ်ကို မြင်လျှင် နုသည် 'ကြောက်စရာ' ဟု တွေးမိ၏။ အိပ်ရေးပျက်ရ လွန်းသောကြောင့် ပြူးကြောင်ကြောင် ဖြစ်နေသော မျက်လုံးများ၊ ငေါထွက်နေသော ပါးရိုးနှင့် ဖြူဖျော့ဖျော့ နှုတ်ခမ်း၊ ရေစိုနေသော ဆံပင်များဖြင့် အနားသတ်ထားသော နု၏ မျက်နှာသည် အမှန်ပင် ကြောက်စရာ ကောင်းနေသည်။ နုသည် သက်ပြင်းတစ်ခုကို ခပ်လေးလေးချရင်း မှန်ကို အသာတည့်၏။ ထို့နောက် ဘေးနားရှိ သနပ်ခါး ရေအင်တုံထဲမှ ရေကို လက်ဖျားဖြင့် အသာတော့ပြီး ကျောက်ပျဉ်ကို ရေထည့်သည်။ ခဏမျှ ကြာလျှင် သနပ်ခါးသွေးသံ တကျည်ကျည်သည် နု၏ အခန်းအတွင်းတွင် မတိုးမကျယ် ထွက်ပေါ်လာသည်။ နုသည် သနပ်ခါးကို အားစိုက်သွေး၏။

ထိုသို့ သွေးရင်းနှင့်ပင် စိတ်တွင် မောဟိုက်သလို ဖြစ်လျက်လာသည်။ စိတ်သည် မတည်ငြိမ်၊ လွင့်လွင့်လူးလူး ရှိလှ၏။ တောင်တွေး မြောက်တွေး တွေးလျက်ပင် ထိုသနပ်ခါးသွေးသံ တကျည်ကျည် အကြောင်းကို သူမ၏ မိခင် ပြောဖူးသော ဟာသတစ်ခုအား ဖျတ်ခနဲ သတိရသည်။

"စာရေးဆရာကြီး တစ်ယောက်က ရေးဖူးတယ် သမီးရဲ့ အပျိုပေါက်ကလေးတွေ သနပ်ခါးသွေးတော့ စာရေးကြီး၊ စာချီကြီး မြည်သတဲ့၊ အပျိုလတ်တွေ သနပ်ခါးသွေးတော့ သင့်တင့်တာပဲ၊ သင့်တင့်တာပဲလို့ မြည်သတဲ့၊ အပျိုကြီးတွေ သနပ်ခါးသွေးတော့ ရတာ ယူမယ်၊ ရတာ ယူမယ်လို့ မြည်သတဲ့"

ထိုတုန်းကမူ နုသည် မပြုံးဘဲ ဝါးလုံးကွဲ ရယ်မိသည်။ ယခုအချိန်တွင်ကား နုသည် ပြုံးရန်ပင် အင်အား မရှိသလိုတည်း။ နု၏ စိတ်ထဲတွင်ကား အခု သူမ၏ သနပ်ခါးသွေးသံသည် ဘာသံများ မြည်နေပြီလဲ ဟူသော အတွေးကိုသာ တွေးမိ၏။ ညရောက်လျှင် ဟူသော အတွေးကို ဆက်မိလျှင် ရင်သည် တထိတ်ထိတ် ခုန်လျက် မလုံမလဲ ဖြစ်ရသည်။ ထို့နောက် မျက်နှာပေါ်က သနပ်ခါးကို အာရုံရောက်ပြန်၏။

မျက်နှာပေါ်ရှိ သနပ်ခါးကို ညှိခြင်းနှင့် ဆံပင်ကို အုံး(ဦး)လုံး သိမ်းလျက် နောက်တွဲ ဆံပင်ကို ခပ်ကျစ်ကျစ် ထုံးပြီးလျှင်မူ နု၏ အလှပြင်ခြင်းသည် ပြီး၏။ သွေ့ခြောက်ခြောက် နှုတ်ခမ်းကို ပန်းဆီရောင် ဆိုးဖို့ လုပ်ရင်းပင် နုသည် အတန်ကြာမျှ တွေဝေနေမိပြန်သည်။ ကျောပေးထားသော အဖူးကြီး နှစ်ဖူး


mgyoe.com

mgyoe.com SAMPLE BOOK

ပါသည့် နှင်းဆီခက်ကို ကောက်ကိုင်မိချိန်တွင် နုသည် သူမ၏ မိခင် ပြောဖူးခဲ့သည့် စကားတစ်ခွန်းကို ရုတ်တရက် သတိရပြန်သည်။

"မိန်းမကောင်း ပန်းပန် တစ်ပွင့်ပန်တဲ့ သမီးရဲ့"

နုသည် အတန်ငယ် ကြွမ်းပြီး ဖောင်းသွယ်သော လက်များသည် ယောင်ယောင်ကလေး သေးသည့် နှင်းဆီတစ်ဖူးကို ဆတ်ခနဲ ခြွေမိပြီးသား ဖြစ်သွား၏။ တစ်ချိန်တည်းပင် နုသည် သူမ၏ ချစ်သူကို သတိရမိလေသည်။

(၂)

လဆန်း ခုနစ်ရက်၏ လသည် ကောင်းကင်တွင် ဝါဖျော့ဖျော့ ပေါ်လာသည်။ ကြယ် အနည်းအပါးကား မှတ်တုတ် မှိတ်တုတ်။ ရွာထိပ် ဘုန်းကြီးကျောင်းရှိ အလှူ့ဗွီဒီယိုပိုင်းမှ ကြားရသော အသံများသည် ကျယ်လာလိုက် တိုးသွားလိုက်။ နုသည် ပြတင်းပေါက် ပေါင်တွင် မှီငေးရင်း အတွေးများနေမိ၏။ ကုန်ဆုံးခဲ့ပြီးသော ညများ မကုန်ဆုံးသေးသည့် ညများနှင့် ယနေ့ ဖြတ်သန်းရမည့် ညအကြောင်း။ စိတ်လှုပ်ရှား ရင်ဖိုစရာ၊ တုန်လှုပ်စရာ၊ သောက များစရာ ညများပေပဲ။ ညများအကြောင်း တွေးလျှင်ပင် နု၏ ချစ်သူ အကြောင်းသည် အမျှင်တန်းလျက် ရှိပြန်သည်။

နု၏ ချစ်သူသည် အသားဖြူဖြူ ဖြစ်၏။ အတောက်အပ အဝတ်အစားများကို ဝတ်တတ်သည်။ အတန်ငယ် သွယ်သော ကိုယ်အဆစ်အပေါက်ရှိပြီးသူမို့ ပြုံးပြုံး၊ ပြုံးပြုံးနှင့် စကားပြောလျှင် နု စိတ်တွင် မြတ်နိုးစိတ်သည် ထိန်းမရ။ မပေါ်တပေါ် နှာတံ၊ ပိရိ နီမြန်းသော နှုတ်ခမ်းများရှိသော သူ့ကို မိန်းမတိုင်းပင် စွဲကြလိမ့်မည်ဟု နု ထင်လေသည်။ အားလုံးထဲတွင် နုသည် ကံထူးသူဟု တွေးမိလေသည်။

"ညည်း လူပျိုကဖြင့် ပေါ်ကြော့ပါအေ၊ သူ့ကိုယ်သူပဲ လှအောင် ဆင်ဖို့ သိတာပါ"

ဟု သူငယ်ချင်းများ ပြောလျှင် -

"သူ လှတာ ချောတာ ငါ့အတွက်ပေါ့အေ"

ဟု နောက်သလို၊ ပြောင်သလိုဖြင့် ခွန်းတုံ့မခံ ပြန်ပြောမိ၏။


mgyoe.com

mgyoe.com SAMPLE BOOK

"ကပ်စေးကလည်း နည်း(နဲ့)ချက်၊ ညည်းကိုများ ဘယ်တုန်းက ဘာဝယ်ပေးဖူးသလဲ"

ဟု ဆိုလာလျှင် -

"သူက အမိမဲ့၊ အဖမဲ့ ဦးကြီး၊ ဒေါ်ကြီးအိမ် ကပ်နေတာ"

ဟု ကာပြောမိသည်။

"ကောင်မ ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းဦး၊ ညည်းက စလို့ သူ ပါရတာမျိုး ဖြစ်ဦးမယ်"

ဟု အမြင်ကတ်သလို ဆိုလျှင် နုသည် -

"မသာမ၊ အယုတ်တမာမ"

ဟု ကျိန်ဆဲရသည်။ အမှန်တော့လည်း သူက မစမိကတည်းကပင် နုသည် ပါချင်နေပြီ။ သူက မခြွေမိကပင် နုက ကြွေချင်နေသည်ပဲ။

ညသည် နုတို့ နှစ်ယောက်အတွက် မြားနတ်မောင် ဖြစ်သည်။ နုသည် ကနဦးတွင် ချစ်သူ၏ မထိတထိ တို့ဆိတ်မှုကို ကြောက်စိတ်နှင့်ပင် ရှိန်းခနဲ၊ ဖိန်းခနဲ ခံစားရသည်။ ထိုနောက် ကြာခဲ့လျှင်ကား ထို အထိအတွေ့၊ အပွတ်အသပ်များကို နု ကိုယ်တိုင်ပင် မက်မောလာသည်။ ချစ်သူ၏ နွေးထွေးကျယ်ပြန့်သော ရင်ခွင်သည် နု၏ ညဦးပိုင်းတို့ နားခိုရာ ဖြစ်လာသည်။ ချစ်သူ၏ ကယုကယင် အတွေ့အနမ်းများ ကြားတွင် နုသည် တိမ်းမူးလာ၏။ ချစ်သူ၏ ရမ္မက်သည် နုအတွက် ရင်ခုန်စရာ၊ ချစ်သူ၏ အလိုဆန္ဒသည် နုအတွက် ကြည်မွေ့စရာ ဖြစ်လာ၏။ ထိုတုန်းကမူ နုသည် ဘာဆို ဘာကိုမှ မကြောက် 'ဘယ်သူတွေ ဘာပြောပြောအေ' ဟု သဘောထား၏။

သူက မမုန်းလျှင်၊ သူနှင့် မခွဲရလျှင် ပြီးရောဟု လွယ်လွယ်တွေးသည်။ နောက်ဆုံးတွင် နုသည် သူ ပေးသော နှစ်လုံးပါ ဆေးကတ်များဖြင့် အသားကျ ရင်းနှီးလာခဲ့သည်ပဲ။

နုသည် သူ့အပေါ် သဘောလွယ်လွန်းခဲ့ပါသလား။ နုသည် အတင်းဖွတ်မိုတ်ပြီးပင် 'ဟင့်အင်း' ဟု ဖြေချင်မိသည်။ သူလို ယောကျ်ားက စလာလျှင် ဘယ်မိန်းမက ငြင်းနိုင်မှာလဲဟု ဆုတ်ကန် ကန်ပြီး မေးလိုက်ချင်သည်။ နုသည် ဒီအဖြစ်အပျက်မှာ ဘယ်သူမျှ မမှားဟု ယခုထိပင် တွေးနေမိသေးသည်။ သူနှင့် နု ချစ်ခဲ့ကြတာ၊ သူ နုကို တောင်းရမ်းလက်ထပ် ယူဖို့ရန်အတွက် ရွှေမှော်


mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခုသို့ ငွေရှာထွက်သွားတာ၊ နုသည် ဘယ်သူမှ မမှားဟု ထင်နေမိသည်။ မှားချင်းမှားလျှင် ကံသာ မှားသည်ဟု နု စွပ်စွဲပြစ်တင်ချင်မိသည်။ ရွှေမော်သို့ သူ ရောက်ပြီး မကြာမီ ကေအိုင်အေတပ်နှင့် တည့်တည့်တိုးပြီး ပေါ်တာဆွဲခံရတာ၊ ထို့နောက် သူ့သတင်းများ စုံးစုံးမြုပ် ပျောက်ကွယ်သွားတာ၊ သူ နောက်ဆုံး ပေးခဲ့သော နှစ်လုံးဆေးကတ်ကလေး အစွမ်းမပြတော့ဘဲ နု၏ ကိုယ်အတွင်းသို့ ကလေးလေးတစ်ယောက် ရောက်လာခဲ့တာ အားလုံးအတွက် နုသည် ကံကိုသာ အပြစ်တင်ချင်မိသည်။

ကောင်းကင်သည် လရောင်ကြောင့် ပိုပြီး ဝင်းထိန်လာသည်။ မှိတ်တုတ်မှိတ်တုတ် ကြယ်များသည် ပိုပြီး စုံလင်လာသည်။ သစ်ပင်သစ်ရွက်များသည် လရောင်အောက်တွင် ဝါဖန့်ဖန့်၊ ညိုမှောင်မှောင်။ အတွေးပင်လယ်တွေ နစ်မျောနေသော နုသည် တဖြည်းဖြည်း မြင့်တက်လာသော လကို သတိထားမိ၏။ ထို့နောက်တွင် ရင်သည် တထိတ်ထိတ် ခုန်လျက် အိမ်နံရံပေါ်မှ နာရီအား အလန့်တကြားပင် ကြည့်မိသည်။ ကိုးနာရီ ထိုးလုချေပြီကော။ ထို့နောက် ဆယ်နာရီ ထိုးပေမည်။ ပြီးလျှင် နုသည် နာရီဘေးတွင် တည်ငြိမ်အေးဆေးသော မျက်နှာဖြင့် ရှိနေသော မိခင်၏ ပုံကို မြင်လျှင် ငိုချင်သလို ဖြစ်၏။

(၃)

ညဥ့်သည် နက်သထက် နက်လာ၏။ အလှူ ဗွီဒီယိုဝိုင်းမှ အသံသည် ပိုပြီး ကျယ်လာသည်။ အိမ်၏ ပေနှစ်ဆယ်မျှ ကျယ်သော ဧည့်ခန်း အတွင်းတွင် နု တစ်ယောက်တည်း။ နာရီ၏ စက္ကန့်လက်တံ ရွေ့သံ တစ်ချက်ချက်သည် နုကို တစ်စထက်တစ်စ ပိုပြီး တုန်လှုပ်စေသည်။ 'ဘယ်လို လုပ်ရမလဲ၊ ဘယ်လို လုပ်ရမလဲ' တွေးရင်း စိတ်သည် ကယောင်ချောက်ချား ဖြစ်လာ၏။ ရင်ဝတွင် အလုံးကြီး ဆို့နေသလို ခံစားရ၏။ ပြတင်းပေါက် ပေါင်တွင် မှီရပ်နေရာမှ အသာခွာပြီး ကြမ်းပြင်ထက်တွင် ခွေခေါက်ခေါက် ထိုင်မိသည်။ စိတ်ထဲမှမူ 'အမေ'ဟု အားကိုးတကြီး တမိ၏။

"ညည်းအေ"


mgyoe.com

mgyoe.com SAMPLE BOOK

အမေသည် နု၏ မထွေးနိုင် မအန်နိုင် ဒုက္ခကို သိလျှင် ထိုစကားကိုသာ တတွတ်တွတ် ရေရွတ်သည်။ သို့သော် အမေ့ မျက်နှာကား ဆယ်နှစ်ခန့် အိုစာသွားပြီး အမေ့အသံသည် ညှိုးနွမ်းဖျော့တော့လွန်းလှ၏။ နုသည် အမေ့ကို ကြည့်ပြီး ငိုချင်လာမိသည်။ ထို့နောက် အင့်ခနဲ၊ အင့်ခနဲပင် ငိုရှိုက်မိသည်။

နုသည် ထိုကိစ္စကို သိပြီးကတည်းက ဝံ့ဝံ့စားစားလည်း မရယ်နိုင်၊ ရဲရဲတင်းတင်းလည်း မငိုဝံ့ ဖြစ်နေခဲ့သည်မှာ ကြာခဲ့ပြီပဲ။ အမေသည် မှိုင်းမှုန်သော မျက်နှာထားဖြင့် နုကို အတော်ကြာပင် စိုက်ကြည့်နေသည်။ ကနဦးတွင် အမေ့ အကြည့်သည် နုကို သနားဟန် အထင်းသား ဖြစ်သည်။ ထို့နောက် တဖြည်းဖြည်း စိတ်ပျက်သလို၊ စိတ်ရှုပ်သလို ဖြစ်လာ၏။ နောက်ဆုံးတွင်ကား ဒေါသသာ ကျန်ရစ်ခဲ့၏။ တအိအိ ငိုရှိုက်နေသော နုအား 'တိတ်စမ်း' ဟု လေသံဖြင့် မာန်မဲသည်။

"လေးလ ပြည့်တော့မယ်၊ ပြီးတော့ ညည်းလူက အခု ပေါ်တာ ပါသွားပြီ၊ ဘယ်တော့ ပြန်လာမယ်မှန်းက မသိ"

ဟူသော စကားကို သံယောင်လိုက်သည်။ ပြီးလျှင် –

"ညည်းအဖေ သိလို့ မဖြစ်ဘူး၊ ညည်းအဖေ သိလို့ မဖြစ်ဘူး"

ဟူသော စကားကို တတွတ်တွတ် ရွတ်သည်။ အမေ၏ မျက်နှာထားသည် တင်းမာခက်ထန်လာ၏။ ပြီးလျှင် ပူပန်မှုတို့ဖြင့် လျော့ရိလျော့ရဲ ဖြစ်နေပြန်၏။ နောက်ဆုံးတွင် အမေ၏ သောကနှင့် ခက်ထန်မှုများသည် ခြေလက်နှင့် ကိုယ်ခန္ဓာကို ကူးစက်ကာ တောင့်တောင့်ကြီး ဖြစ်ကျန်ခဲ့သည်။

"ငိုမနေနဲ့ တိတ်၊ ရေမိုး ချိုး၊ မျက်နှာ သစ်၊ သနပ်ခါး လိမ်း၊ လှလှပပ၊ ပြင်ပြင်ဆင်ဆင် နေစမ်း၊ အပူရုပ်ကို မပေါ်စေနဲ့ ငါ ကြည့်လုပ်မယ်"

ဟု အံကို တင်းတင်းကြိတ်ထားသည့် သွားများကြားမှ ထွက်လာသော လေသံမျိုးနှင့် ဆို၏။ နုသည် မိခင်၏ အဆုံးအမအောက်တွင် ပိပိပြားပြား အလှပြင်နေချိန်တွင် နု၏ မိခင်သည် သမီးအတွက် ပွဲပြီးမီးသေ လင်တစ်ယောက် ဖြစ်နိုင်မည့်သူကို ကျီးကန်းတောင်းမှောက် ရှာရသည်။ ပါးစပ်ဖျားတွင် စကားလှလှ များစွာကို ရယ်မောပြောဆိုနေသော်လည်း စိတ်ထဲတွင်ကား သမီးအတွက် လင်တစ်ယောက် ဖြစ်နိုင်၊ မဖြစ်နိုင် လင်စံ မီ၊ မမီကို ချိန်ထိုး


mgyoe.com

mgyoe.com
SAMPLE BOOK

နေမိသည်။ မှောင်မိုက်သော ညတစ်ညတွင်မှ အမေသည် နအား ယောကျ်ား တစ်ယောက်အား ထောင်ဖမ်းရမည့် အစီအစဉ်ကို ပြောလာသည်။ နသည် အမေ၏စကား ကြားလျှင် ဘုရားတမိ၏။

"သာအောင် ဟို ကျွန်မတို့ သူရင်းငှား သာအောင်"

နသည် မယုံကြည်နိုင်သလို မေးမိသည်။ 'သူရင်းငှားကြီးကတော့' ဟု စိတ်တွင် မနှစ်မြို့သလို ဆိုမိသည်။ အမေသည် နအား မျက်နှာတင်းတင်း ဖြင့် စူးစူးကြီး ကြည့်၏။ ပြီးလျှင် -

"ညည်းက အခု ညည်းကိုယ်ညည်း ရည်းစားတစ်ထောင် လင်ကောင် တစ်ယောက် လုပ်နေရမယ့်အချိန်များ အောက်မေ့နေသလား"

ဟု တင်းတင်းပြောသည်။

"ဘာလို့ မဖြစ်ရမှာလဲ၊ ဟိုတလောက သူပဲ မမနု ချက်တဲ့ ထမင်း၊ ဟင်းကို တစ်သက်လုံး စားချင်တယ် ပြောလို့ ညည်း စိတ်တိုရသေးတယ်ဆို။ သူ ညည်းကို လိုချင်နေတာ အသိသာကြီးပဲ၊ မုဆိုးသား လူ့ငမွဲ အကျီ ကျောပြဲ ပေမယ့် သူ့မှာလည်း အားကိုးစရာ ဗလနဲ့၊ ကိုယ့်မှာလည်း သူ့ဗလကို အသုံးချ စရာ လယ်နဲ့ ကိုင်းနဲ့၊ လယ်ပိုင်ရှင်ရဲ့ တစ်ဦးတည်းသော သမီးကို ရတာပဲအေ သူ မနာပါဘူး"

ဟု အမေက ရှည်ရှည်လျားလျား ဆိုလျှင် နသည် တွေဝေသလို ဖြစ်လျက် -

"ဒါဆို ကိုကျော်ဦးကကော"

ဟု ချစ်သူကို သံယောဇဉ် မပြတ်သလို မေးမိပြန်သည်။

"ဟဲ့ ဘယ်တော့ ပြန်လာမလဲ မသိ၊ သေသလား၊ ရှင်သလားလည်း မသိ၊ ကိုယ့်ဖိုက် ပိုင်ရှင်ပါလို့ လက်ဆုပ်လက်ကိုင် ပြလို့လည်း မရတဲ့သူကို လက်ညှိုးထိုးပြီး ညည်းက ဗိုက်ကြီး တကားကားနဲ့ မိန်းမအာဇာနည် လုပ်ချင် လို့လား"

ပြောရင်းနှင့်ပင် အမေ၏ အသံသည် ဒေါသကြောင့် တုန်ခါလာသလို ရှိသည်။ နသည် မသိကျိုးကျွန်ပင် 'ပြန်လာရင်ကော' ဟု အတွန့်တက်၏။ အမေသည် သမီးဖြစ်သူ၏ ပခုံးနှင့်ကျောကို တဖုန်းဖုန်း ရိုက်ရင်း 'မသာမ' ဟု ရေရွတ်သည်။


mgyoe.com

mgyoe.com

"ညည်း ဘာမှ စဉ်းစားစရာ မလိုဘူး၊ သူလည်း ဒီအချိန်ဆို ကေဒိုင်အေ သတ်လို့ သေလောက်ပြီ၊ ပြန်လာရင်လည်း ဘာအရေးလဲအေ၊ ကိုယ့်မှာ ယောကျ်ားနဲ့ ကလေးနဲ့ ဘာမှ လုပ်စရာမလိုဘူး"

ဟု သတိလက်လွတ်ဟန်နှင့် ပြော၏။ နုသည် မိခင်ဖြစ်သူကို မမြင်ဖူးသလို ငေးကြည့်နေမိ၏။ နု၏ တစ်သက်တွင် အမေသည် နူးညံ့သိမ်မွေ့ခဲ့သည်။ ယဉ်ကျေးချိုသာခဲ့သည်။ ယခုကဲ့သို့ စိုးရိမ်သောက၊ အမျက်ဒေါသတို့ဖြင့် ပူလောင်နေသည်ကို မမြင်ဖူးခဲ့။ အမေသည် အမေနှင့် မတူ။ အခြားတစ်ယောက်နှင့် တူနေ၏။

"သန်ဘက်ခါ ညက ဦးသာအိတို့ ရှင်လောင်းလှည့်တဲ့ နေ့ပဲ၊ ဇရပ်ဝင်းမှာ ဗွီဒီယို ပြလိမ့်မယ်၊ ငါ နင့်အဖေကို ခေါ်ထုတ်သွားမယ်၊ ပြီးတော့ ညဆယ်နာရီခွဲလောက်မှာ နင် စားဖို့ မုန့်ဆိုပြီး သာအောင်ကို ပို့ခိုင်းလိုက်မယ်၊ နင် နားလည်ပါတယ်အေ၊ မိန်းမတစ်ယောက်ကသာ စလာရင် ဘယ်ယောကျ်ားကများ ငြင်းနိုင်မှာလဲ၊ အရေးကြီးတာက နောက်ပိုင်း နင် ဗိုက်ကြီးနေတာ သူ မသိဖို့ပဲ။ မဟုတ်ရင် တစ်သက်လုံး သူ အနိုင်ကျင့်တာ ခံနေရမှာပဲ၊ ဘာမှ စိုးရိမ်စရာ မလိုဘူး"

ဟု လောလောဖတ်ဖတ် လေသံနှင့် ပြောသည်။

"ဘာမှ စိုးရိမ်စရာ မလိုပါဘူးအေ"

ဟု ပြောရင်းပင် -

"သေချာအောင် ရှင်လောင်းလှည့်ပြီးမှ သောက်ဆိုပြီး သူ့ကို အရက်ဖိုး ပေးထားရမယ်"

ဟု အမေသည် နုကို ပြောသလိုလို၊ သူ့ကိုယ်သူ ပြောသလိုလို ရေရွတ်၏။ နုသည် အမေ့ကို ကြည့်ရင်းပင် ကြောက်လာ၏။ ဆတ်ခနဲ မေးထိုးပြီး စကားပြောဟန်၊ လက်တို့၏ အချီအချနှင့် ကိုယ်ဟန် အယိမ်းအနွဲ့သည် ဘီလူးက ကနေသည်ဟုပင် ထင်လာသည်။ တစ်ဖက်တွင်လည်း အမေသည် မရိုင်းချင်ဘဲ ရိုင်းနေရသည်ဟု တွေးကာ သနားမိပြန်သည်။ အမေ၏ အသံသည် တစ္ဆေသရဲတို့ကို မြင်သည့် ခွေးတစ်ကောင်၏ ကြောက်ရွံ့မှုအပြည့်နှင့် ပြန်ဟောင်သော အသံမျိုးတည်း။ မိမိ၏ ကလေးအတွက် ဆိုလျှင် အမေတိုင်းသည် လူယုတ်မာ ဖြစ်ဝံ့ကြသည်ပဲ။


mgyoe.com

mgyoe.com SAMPLE BOOK

နုသည် စိတ်ထဲမှပင် 'အမေ' ဟု အားကိုးတကြီး ခေါ်မိသည်။ ကြမ်းပြင်ထက်တွင် ခွေခေါက်ခေါက် ရှိနေရာမှ ရုတ်ခနဲ ထရပ်၏။ 'ဘယ်လို လုပ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲ' ဟု ကယောင်ချောက်ချား တွေးရင်း နာရီကို ကြည့်မိပြန်သည်။ အမယ်လေး နာရီလက်တံများသည် ဆယ်နာရီခွဲ တိတိကို ညွှန်နေကြပါပြီပဲ။ လာတော့မည်။ မကြာခင် သာအောင် လာတော့မည်။ နု၏ နားတွင် ခြေသံ တဖျပ်ဖျပ် ကြားသလို ထင်၏။ ဟုတ်တယ် မူးနေတဲ့ လူ တစ်ယောက် ခြေသံပဲ။ ခြေ အချ အသိမ်း အနုတ် မမှန်၊ ကိုယ့်ကိုယ်ကိုယ် ထိန်းပြီး လာနေတဲ့ ခြေသံမျိုးပဲ။ နု စိတ်တွင် တရုပ်ရုပ် မြည်သော ခြေသံသည် ပိုပိုကျယ်လောင်လာသည်။ တကယ်ပဲ သာအောင်သည် နု ရှိသော အိမ်ဝသို့ ရောက်လာပါပကော။

## (၄)

နု အိပ်ရာမှ နိုးချိန်တွင် မိုးစင်စင် လင်းနေပေပြီ။ နုသည် လုံချည်ကို တင်းတင်းပြင်ဝတ်ပြီး တွန့်ကြေနေသော အင်္ကျီကို အသာ ဆွဲဆန့်သည်။ ဘေးတွင် တုံးလုံးပက်လက် အိပ်ပျော်နေသော သာအောင်ကို မြင်လျှင် ဟင့်ခနဲ သက်ပြင်းထုတ်သည်။ ညတုန်းက အဖြစ်အပျက်ကို လှစ်ခနဲ သတိရ၏။ 'ကျွန်တော် မှားပါတယ်' ဟု တတွတ်တွတ် တောင်းပန်နေသော သာအောင်၏ မူးမူးရူးရူး အသွင်၊ ဒေါသ အကြီးအကျယ် ထွက်နေသော အဖေ။ 'လွန်ကုန် မှတော့ အပျိုမှ ပြန်မဖြစ်တော့တာပဲတော်' ဟု တရားရှင်မကြီး ဟန်ပန်နှင့် အဖေ့ကို တရားချနေသော အမေ။ နုသည် ဟင့်ခနဲ၊ ဟင့်ခနဲ သက်ပြင်းကို နှစ်ချက် ဆင့်ထုတ်မိသည်။ နုသည်ကား ထိုကိစ္စ ဖြစ်သမျှ တစ်လျှောက်လုံး အောင့်အည်းသမျှ အတိုးချကာ ရှိုက်ကြီးတငင်ပင် ညက ငိုခဲ့သည်ပဲ။ ပြန်တွေး ရင်းပင် နု၏ မျက်နှာသည် တဖြည်းဖြည်း မဲ့လာ၏။

"ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်မနေနဲ့။ နင်က လှည်းကျိုးထမ်းရ တာဟဲ့"

နုသည် စိတ်ထဲတွင် အောင်နိုင်သူသဖွယ် ရေရွတ်မိသည်။ အားလုံးရဲ့ အမြင်မှာတော့ နင်က အသာကြီးပေါ့ သာအောင်ရယ် ဟုလည်း တွေး၏။


mgyoe.com

mgyoe.com

တစ်ရွာလုံးက နုအပေါ် စုတ်တသပ်သပ် ရှိနေကြပြီကော။ နုသည် မြိန့်မြိန့်ကြီး ပြုံး၏။ ခစ်ခနဲ ရယ်၏။ ထိုစဉ် နု၏ နားတွင် ခေါ်သံတစ်ခု ကြားသလိုလို ထင်သည်။

"နု"

ဒါ နု ချစ်သူ ကိုကျော်ဦး အသံများလား။

နုသည် ဝုန်းခနဲပင် ထရပ်မိသည်။ ဘုရား၊ ဘုရား မဟုတ်ပါစေနဲ့ဟု သတိလက်လွတ် တတွတ်တွတ် ရွတ်ရင်းပင် ယိမ်းယိုင်သော ခြေလှမ်းများဖြင့် အခန်းအပြင် ထွက်၏။ ထို့နောက် လှေကားရင်းတွင် ထီးထီးကြီး ရပ်နေသော ကိုကျော်ဦးကို မြင်လျှင် နုသည် ကြက်သေ သေကာ သွားသည်။ ရင်သည် တလှပ်လှပ် တုန်ကာ ချွေးများသည် ရုတ်တရက် စိမ့်ထွက်လာကြသည်။

"မနု ညည်းသည်လား ဘယ်သူတုံး"

သာအောင်၏ အသံကို ကြားလျှင် နုသည် ရုတ်တရက် ဒူးများပျော့ခွေကာ သွား၏။ နုသည် လက်များကို အားပြုကာ အိမ်နံရံကို လှမ်းဆွဲလိုက်သည်။ သို့သော် နုသည် ဘာကိုမျှ မကိုင်မိတော့။ နု၏ ကိုယ်သည် အိမ်နံရံနှင့် ပွတ်တိုက်ပြီး တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ ကမ္ဘာကြီးသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်၏။ နု နားတွင် အသံများသာ ကြားရ၏။ ဘာကိုမျှ မမြင်ရ။

တစ်ယောက်ယောက် ပြေးပွေ့လိုက်သည်ကိုသာ နု နောက်ဆုံး သိလိုက်၏။

ရွှေအမြုတေမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၁၃။

*



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ၊ မွေးမေလေ့ ၊



mgyoe.com

mgyoe.com SAMPLE BOOK

# မွေးမေလေ့

## (၁)

ဒိတ်ခနဲ ရင်ခုန်သံကို ကြားမှ အိပ်မက် မက်နေတာပါလားဟု သိကာ အမေသည် စိတ်သက်သာရာ ရသည်။ သို့တိုင် အမေ၏ ရင်သည် တလှပ်လှပ် တုန်ဆဲ။

ဘုရား ဘုရား ဘယ်လို အိပ်မက်ပါလိမ့်ဟု တွေးရင်း အမေသည် တုန်နေသော ရင်ကို ဖိရ၏။ ဘယ်လို အဓိပ္ပာယ်များပါလိမ့်ဟု တွေးလျက် စိတ်သည် ဆောက်တည်ရာ မရ။ အိပ်မက်ဆိုးပေတကား။

အမေသည် ကုန်ခဲ့သည့် ညအစောပိုင်းက အိပ်မပျော်။ အိပ်ရာ ထဲတွင် ဟိုဘက် ဒီဘက် လှိမ့်ကာ အချိန်ကုန်၏။ တောင်တွေး မြောက်တွေး တွေးလျက်ပင် အချိန်ကုန်၏။ သူငယ် အိပ်ချိန်၊ သက်ကြီး ခေါင်းချချိန်၊ လုလင် ပြန်ချိန် အချိန်များသာ တရွေ့ရွေ့ ကုန်ခဲ့သည်။ တစ်မှေးမျှပင် မအိပ်ရ။ အရုဏ် တက်ခါနီးမှ ဖျတ်ခနဲ တစ်မှေး ပျော်သည်။ သို့သော် အိပ်မက်ဆိုးကြောင့် ချက်ချင်းပင် လန့်နိုးလာရ၏။



mgyoe.com

mgyoe.com

အမေသည် စေ့စေ့တွေးလျှင် အိပ်မက်သည် ကွက်ကွက်ကွင်းကွင်း ပင် ပေါ်သည်။ အိပ်မက်ထဲတွင် ဒီအမေ့သမီးသည် အမေနှင့် လေးတောင်ခန့် အကွာတွင် ထိုင်နေ၏။ အနီနှင့် အဝါပွင့်များ ပါသောလုံချည်ကို ထက်အောက် ပြောင်းပြန် ဝတ်ထား၏။ မျက်နှာသည် မသာမယာ၊ ဆံပင်ဖွာလန်ကြဲ၏ ထိပ်တည့်တည့်တွင် ခေါင်ရန်းပန်း နီနီမြန်းမြန်းကို ပန်ထားပေသည်။ အထူး ဆုံးကား သမီး၏ ကြည့်ပုံဆန်းတည်း။ သမီး၏ မျက်လုံးများသည် နီရဲကာ မျက်ရည်တို့သည် တစိမ့်စိမ့် စီးလျက်။ ထိုသို့ ငိုလျက်သားပင် သမီးသည် အမေဖြစ်သူအား တရှိုက်မက်မက် ငေး၏။

အကြည့်သည် တစ်သက်တွင် နောက်ထပ် ပြန်မမြင်ရတော့မည့် ချစ်သူ၊ ခင်သူ တစ်ဦးအား ကြည့်သော အကြည့်မျိုး ဖြစ်၏။ ထိုအကြည့်ကို မြင်လျှင် အမေ၏ စိတ်တွင် ထင့်ခနဲ ဖြစ်၏။ ထို့ကြောင့် 'ဟဲ့ အစီမ ဘာဖြစ်တာ တုန်း' ဟု အလန့်တကြား မေး၏။ သမီးသည် ဘာစကားမျှ မဆို။ အမေကိုသာ တွေတွေကြီး စိုက်ကြည့်ပြီး တအင့်အင့် ငိုသည်။ အမေသည် စိုးရိမ်စိတ်ကြောင့် ဝရုန်းသုန်းကားပင် ထကာ သမီးထံ သွားသည်။ သမီးကား အမေ၏ အကပ်ကို မခံ၊ လေ့ကားရင်းဘက်သို့သာ တရွေ့ရွေ့ ယို့ပြီး ဆုတ်၏။ အမေ၏ စိတ်တွင် 'ဒီအမေ၊ ဒီသမီး နှစ်ဦးတည်း ရှိသော မိသားစုတွင် ဘာများ သို့ဂုက်ချင်ရသေး သနည်း' တွေးကာ ဒေါသဖြစ်၏။ ထို့ကြောင့်ပင် 'ဟဲ့ ပြောပါဟဲ့' ဟု ဒေါမာန်ပါပါ အော်ရင်းပင် သမီးအနား ဖျတ်ခနဲ ကပ်သည်။ ထိုအချိန်တွင် ဆိုးရွားလှသော ညှီစို့စို့ အနံ့အား ရှူမိပြီး 'အမယ်လေး' တကာ အိပ်ရာမှ နိုးရပေသည်။

အိပ်မက်ကြောင့် ကယောက်ကယက် ဖြစ်နေသော အမေ၏ စိတ် အတွေးသည် ပစ္စက္ခ အခြေအနေတွင် တဖြည်းဖြည်း စုစည်းမိလာသည်။ လူသည် ချွေးသီးချွေးပေါက်တို့ဖြင့် ရွဲနစ်ကာ ပူလောင်မွန်းကျပ်နေသည်ကို သတိထားမိလာသည်။ ကိုယ်ပေါ်တွင် ဘီလူးစီးသကဲ့သို့ တက်ဖိထားသော စောင်ပုံကြီးကိုလည်း သတိထားမိလာသည်။ 'လေးလိုက်တာ' ဟု စိတ်ထဲတွင် တွေး၏။ ထို့နောက် ခြေနှင့်လက်တို့ကို လှုပ်ရှားတွန်းထိုးပြီး စောင်အား ခွာချ သည်။ အေးစိမ့်သော လေ၏ အထိအတွေ့နှင့်အတူ နှာဝ တိုးဝင်လာသော အော်ဂလီဆန်ဖွယ် အပုပ်နံ့ကြောင့် အမေသည် ဝေ့ါခနဲ ပျို့အန်တော့မလို ဖြစ်သွား၏။ အမယ်လေး ဆိုးလိုက်တဲ့ အနံ့၊ နံလိုက်တဲ့ အနံ့။ အမေသည်


mgyoe.com

mgyoe.com SAMPLE BOOK

ရုတ်ခြည်းပင် အိပ်မက်ထဲက အပုပ်နံ့ကို သတိရ၏။ အတွေးများသည် ပလုံစီ လာကြပြန်သည်။ အိပ်မက်ထဲက အနံ့သည် အဘယ့်ကြောင့် အပြင်လောကသို့ ရောက်နေရသနည်း။ မဝံ့သော အတွေးတစ်ချက်ကို ဖျတ်ခနဲ ဆက်စပ်တွေးမိလျှင် ဝုန်းခနဲပင် အိပ်ရာထက် ငုတ်တုတ် ထထိုင်သည်။ တည်ငြိမ်စ ပြုသောရင်သည် တလုပ်လုပ် တုန်ပြန်သည်။ အတွေးများကား မရပ်နိုင်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးသို့ ဖျိုးဖျိုးဖျတ်ဖျတ် ပြေးသည်။ ခေါင်ရန်းပန်းသည် သေခြင်း၏ နိမိတ်တည်း။ လုံချည်ကို အဘယ်ကြောင့် အထက်အောက်ပြောင်းပြန် ဝတ်ထားရသနည်း။ မည်သည့် အကြောင်းကြောင့် ဤမျှ ငိုနေရသနည်း။ ပြီးလျှင် အပုပ်နံ့။ ယခုပင် နှာဝသို့ တစ်ချက်တစ်ချက် လာဝေ့သည့်ဆိုးရွားလှသော အပုပ်နံ့။

'အို မဖြစ်နိုင်ပါဘူး၊ မဟုတ်နိုင်ပါဘူး' ဟု အမေသည် တစ်ဦးတည်း ခေါင်းခါလည်ခါ ငြင်း၏။ သို့တစေ ရုတ်ခြည်းပင် ပြန်ငြိမ်သက်လျက် 'သေပြီထင်ပါရဲ့ ကံဆိုးပြီ ထင်ပါရဲ့' ဟူသော အတွေးကို ကွက်ခနဲ တွေးမိပြန်သည်။ ထို့နောက် အိပ်ရာနှင့် မျက်စောင်းထိုးတွင် ရှိသော ဘုရားစင်ဘက်သို့ မျက်နှာမူလျက် လက်အုပ်ချီ၏။ ဂဏီဝါလု သဲစုမက ပွင့်တော်မူခဲ့ပြီးသော ဘုရားအဆူဆူနှင့် တပည့်သာဝက အဆူဆူ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အိမ်စောင့်နတ်၊ အရှင်ကြီး၊ အရှင်ကောင်း များစွာတို့အား တိုင်တည်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပြုသည်။ တစ်နယ်တစ်ကျေးသို့ ရောက်နေသော သောကြာသမီးအား ကြည့်ရှု မှိုင်းမတော်မူပါရန် အပူကပ်လေ၏။

(၂)

ယိမ်းထိုးနေသော ထင်းမီးတောက်သည် တဖြည်းဖြည်း မှေးမှိန်၏။ မီးခဲရဲရဲသည် ထရံကြိုကြားမှ တိုးဝင်လာသော လေတွင် တစ်ချက်တစ်ချက် ဖောက်ခနဲ ထတောက်သည်။ အမေသည် ထင်းများကို တဂျွတ်ဂျွတ် ချိုးခြေပြီး ဆတ်ခနဲ ထည့်လျှင် မီးတောက်သည် ဝုန်းခနဲ ပြန်ပေါ်လာသည်။ ထိုအခါ အငွေ့တလူလူနှင့် ငြိမ်သက်နေသော ရေနွေးအိုးသည် တရှုးရှုးတရှဲရှဲ အသံထွက်လာပြန်သည်။ အမေ၏ စိတ်သည်လည်း မီးထိုးခံရသော ရေနွေးအိုး


mgyoe.com

mgyoe.com

ကဲ့သို့ပင်တည်း။ အိပ်မက်၊ ခေါင်ရန်းပန်း၊ သမီး၏ အကြည့်ဆန်း၊ ချောင်ကြို ချောင်ကြားအနံ့ ရှာသည့်တိုင် တရားခံ ရှာမတွေ့သော အပုပ်နံ့ အားလုံးကို ဖြုန်းခနဲ ဖိုင်းခနဲ သတိရလျှင် ရင်ဝတွင် အလုံးဆို့သလို ဖြစ်၏။ 'အမယ်လေး ဘုရား ဘုရား'ဟု တမိပြန်လျှင် စိတ်သည် စဉ်းငယ်မျှ ညှဲ့သက်သလို ဖြစ်၏။ 'အနိစ္စပေပဲ၊ ကံပေပဲ'ဟု ဆင်ခြင်လျှင် ရင်ချောင်သလို ဖြစ်လာလျက် ထို စိတ်သည် တာရှည်မခံ။ သမီး၏ မျက်နှာကို မြင်ယောင်လျှင် ထိုစိတ်တို့သည် ဖျိုးဖျိုးဖျတ်ဖျတ် လျှင်လျှင်မြန်မြန်ပင် ပျောက်ကွယ်သွားကြသည်။

သမီးသည် အရပ် ပြတ်ပြတ်၊ အသားအရေ ပါးပါး၊ မျက်နှာ ပြားပြား နှင့် တောသူပီပီ ခေါင်းတည် မောင်းတည် ဖြစ်သည်။ သွား အနည်းငယ် ခေါချင် သော်ပြား နှာတံစင်းစင်းကြောင့် ကြည့်ပျော်သည်။ ငယ်စဉ်ကမူ လူပျို ကာလ သားတို့အကြား ကျော်သင့်သလောက် ကျော်သည်။ တချို့သည် အံ့သြ၊ တချို့သည် ချီးကျူး၊ တချို့သည် ကဲ့ရဲ့သဂြိုဟ်ဖြစ်လျက် သမီးကား မတုန်လှုပ်။ 'မှန်ပါတယ် ငါ့ကောင်ရာ၊ ငါ မလိမ်ပါဘူး၊ မဟုတ်မမှန် ဆိုရင်ဖြင့် သန်းဟန် စီးတဲ့ စက်ဘီး ဖြစ်ရပါစေ'ဟု ခပ်ရွတ်ရွတ် ကာလသားတို့က ကျိန်ဆိုသည် ဟူ၏။

အမှန်ဆိုလျှင်ကား သမီးသည် သနားစရာတည်း။ သမီး အပျိုဖော် ဝင်စ အချိန်တွင် အဖေနှင့် အစ်ကို သုံးယောက်တို့သည် ပျက်စီးနေလေပြီ။ ဖိုး၊ ဘိန်း တို့ကို လက်တွင် ဆုပ်ကိုင်လျက်ပင် သေမင်းထံသို့ အပြေးအလွှား သွားနေကြလေပြီ။ အမေသည် အနုံ ဖြစ်သည်။ အအ ဖြစ်သည်။ ထိုအခါသည် သမီးသည် ထိုခေတ် ထိုအခါက ရှားပါးလှသည့် ယောကျ်ားစီးစက်ဘီးကို ခွလျက် နေ့နေ့ညညပင် လှုပ်ရှားရတော့သည်။ အများ မေးငေါ့သည်ကို သိလျက် မသိဟန် ပြု၏။ ချီးကျူးသည်ကို သိလျက် ဂုဏ်မမြောက်သလို နေ၏။ အမှန်စင်စစ် သမီးသည် မိသားစုအတွက် လူ့လောက အပြင်ဘက် ထွက်ခဲ့ ခြင်းတည်း။

ယောကျ်ားနှင့် သားများ တစ်ယောက်ပြီး တစ်ယောက် သေပုံ၊ အမေ သည် အစား မသိ၊ အအိပ် မသိ၊ အရိုးဂေါက်ဂက်နှင့် အိပ်ရာထက်တွင် နှစ်ပေါင်း အတော်ကြာ တုံးလုံးကလေး လဲ့နေပုံ၊ သမီး၏ ပြုစုယုယမှုများ ကြားမှ အမြစ်ဖြတ်ခံရသော နှင်းဆီပင်သည် မြေတွင် ရှင်သန်လာသကဲ့သို့


mgyoe.com

mgyoe.com SAMPLE BOOK

သူမ တဖြည်းဖြည်း ပြန်ကောင်းလာပုံ၊ လူတိုင်းသည် သမီးအား ဝိုင်းပြီး သြဘာပေးကြပုံ၊ အဖြစ်အပျက် တသီတတန်းကို အမေသည် တရေးရေး သတိရ၏။ ထိုစဉ် ပစ္စက္ခအခြေအနေကို စေ့ငုမိပြန်၏။

ထင်းခြောက်ကို ဂျွတ်ခနဲ ချိုးလျက်ပင် မီးထဲ ဆတ်ခနဲ ထိုးထည့်လျှင် မီးသည် တဟည်းဟည်း ထတောက်၏။ ဆူလုလု ဟင်းရည်အိုးသည် ခပ်ပြင်းပြင်း ပွက်၏။ အမေ၏ အတွေးမျှင်များသည် ထောင်းခနဲ ငါးပိန့်နှင့် ပြန်ပေါ်လာသည်။ အမေသည် 'အမယ်လေး သမီးလိမ္မာလေးကိုမှ' ဟု မချိတင်ကဲ ရွတ်၏။ ဒီအခြေအနေ ဒီလိုဖြစ်ခဲ့လျှင် သူမသည် ဖျိုးဖျိုးဖျတ်ဖျတ် ထလျက် သမီးနောက် လိုက်ရတော့မည် မဟုတ်လား။ 'ငါ့နှယ် နုံလှချည့်၊ အလှချည့်'ဟုလည်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၏။

ထို့နောက် 'အိုအေ မသေချာတဲ့ အိပ်မက်ကို အရေးပြုလို့'ဟု စိတ်ထဲတွင် ပုန်ကန်လိုက်ပြန်သည်။

ထိုစဉ် အမေ၏ နားတွင် 'အရီး အရီး' ဟု ခပ်အုပ်အုပ် အသံကို ကြားသလိုရှိလျှင် ခေတ္တမျှ ငြိမ်၏။ ပြီးလျှင် 'ဟဲ့ ဘာတုံး' ဟု လေးလေးပင်ပင် အသံပေးသည်။

'စောစောစီးစီးအေ' ဟု တိုးတိုးဆက်ရွတ်သည်။

ခဏမျှ ကြာလျှင် အမေနှင့် မိန်းမတစ်ယောက်သည် မီးဖိုဘေးတွင် ပူးကပ်ကာ စကားဆိုလျက် ရှိ၏။ ဆံပင်စုတ်ဖွာနှင့် ဖလန်ထည် ညစ်ညစ်ကို ဝတ်ထားသော ကပျစ်ကညစ် ထိုမိန်းမသည် 'ကျွန်မဖြင့် ညကတည်းက လာချင်လွန်းလို့ အူကို ယားနေတာပဲ' ဟု သည်းထိတ်ရင်ဖိုဟန်ဖြင့် စကားစ၏။ အသံသည် အရေးကြီးဟန်ဖြင့် ရတ်တရက် တိုးသွား၏။ ကြမ်းကို ပုတ်ကာပုတ်ကာဖြင့် စကားဆိုနေသော ထိုမိန်းမ၏ ကိုယ်သည် ကုန်း၍ ကိုင်း၍ အမေ့နားသို့ တဖြည်းဖြည်း တိုးကပ်၏။

ထိုမိန်းမ ပြောသော ကိစ္စသည် အရေးကြီးကိစ္စ မဟုတ်။ အမည်မသိ မိန်းမတစ်ယောက် ဖျား၍၊ နာ၍ သေသည့် သတင်းမျှသာ ဖြစ်၏။ သို့သော် သေသည့်နေရာသည် အမေ၏သမီး စပါးရိတ်သွားသော ဟိုပင် အနီးရှိ နန့်ရင်းရွာတွင် ဖြစ်၍ သေသူမှာ တစ်နယ်တစ်ကျေးမှ လာသော စပါးရိတ်သမ တစ်ယောက် ဖြစ်လျှင် အမေ့ရင်သည် တဒုန်းဒုန်း ခုန်လာသည်။


mgyoe.com

mgyoe.com SAMPLE BOOK
"ကျွန်မ ယောကျ်ား ရထားပေါ်က ကြားလာတာတဲ့။ ညနေ အိမ်ရောက်ရောက်ချင်းကတော့ ညော့်ကရှုပ်၊ စကားကလည်း မစပ်မိနဲ့ ညကြီးမိုးချုပ် အိပ်ဖို့ လုပ်နေရင်းမှ စကားစပ်မိတော့ အိပ်လို့တောင် မပျော်ဘူး။ ကျွန်မလေ အရီးကို လာပြောချင်လိုက်တာ၊ ဒါနဲ့ သန်းဟန်ဆီကကော ဘာသတင်းမှ မကြားဘူးလား"

ထိုမိန်းမ၏ စကားသည် အမြီးရောက် ခေါင်းရောက် ဖြစ်၏။ အချုပ်မှာ မော်မှ ပြန်လာသော သူ့ယောကျ်ားသည် ဟိုပင်ဘူတာမှ တက်သော လူတစ်အုပ် အော်ကြီးဟစ်ကျယ် ပြောနေရာမှ တစ်စွန်းတစ်စ ကြားလာခဲ့ခြင်းတည်း။ အိပ်မက် အခံရှိသော အမေသည် ထိုမိန်းမ၏ နိမ့်ချည် မြင့်ချည် ပြောနေသော အသံ၊ ရှေ့နောက် ယိမ်းထိုးနေသော စိုးရိမ်သောကဟန်ကို မြင်လျှင် သေသူ အမည်မသိ စပါးရိတ်သမသည် သူ့မ၏ သမီးဟု တထစ်ချ ထင်လာတော့သည်။ ထို့ကြောင့် 'ငါ့နှယ် ကံဆိုးလှချေအော်' ဟု မပီမသ ဝူးတူး ဝါးတား ဆိုရင်း ရှိုက်၏။ ထိုအခါ လွန်ခဲ့သော မိနစ်ပိုင်းတွင် စိုးရိမ်သောက အပြည့် ဖြစ်နေသော မိန်းမသည် အတန်မျှ ဆွံ့အသွားသည်။ စက္ကန့်ပိုင်းမျှ ကြာသောအခါတွင် တုန်လှုပ်သော အသံဖြင့် 'မဟုတ်တာဘဲ အရီးရယ်၊ မဟုတ်တာဘဲ' ဟု တတွတ်တွတ် ဆို၏။ 'ကျုပ်က သန်းဟန် သေတယ် မပြောပါဘူး' ဟု ခပ်လေးလေး ညည်းသည်။

အမေသည် ပါးပေါ်တွင် တလိမ့်လိမ့် စီးကျနေသော မျက်ရည်များကို ဘယ်ညာ လွှဲသုတ်၏။ ထို့နောက် 'ငါ ညက သန်းဟန်ကို အိပ်မက် မက်တယ်' ဟု အသံတုန်တုန်ဖြင့် စကားစသည်။ ပြီးလျှင် အိပ်မက် မက်ပုံ၊ အိပ်ရာမှ နိုးထပုံ၊ အပုပ်နံ့ ရပုံတို့ကို လုံးစေ့ပတ်စေ့ ပြန်ပြော၏။ 'သေချာပါတယ်အေ၊ သေချာပါတယ် တစ်ခုခုတော့ ဖြစ်နေပြီ' ဟု ဝမ်းနည်းပက်လက် ရေရွတ်သည်။ သတင်းသမကား မျက်နှာငယ်ဖြင့် တသြသြ စကားထောက်၏။

ရုတ်တရက် သတင်းပေးမိန်းမနှင့် တွက်ထိုးဆဲတွင် အမေသည် 'မဖြစ်ဘူး၊ မဖြစ်ဘူး ငါလိုက်မှ ဖြစ်မယ်' ဟု ဆုံးဖြတ်၏။ နံရံထက်တွင် ချိတ်တင်ထားသော ကချင်လွယ်အိတ် အဟောင်းကို ပြေးဖြုတ်သည်။ ရှိစုမဲ့စု အဝတ်နှစ်စုံကို ထိုးသိပ်ထည့်၏။ 'နင် မီးတွေဘာတွေ ကြည့်ကျက်ငြိမ်းထားလိုက်ဦး၊ ငါတော့ ရှိတဲ့ရထားနဲ့ပဲ လိုက်တော့မယ်အေ့' ဟု ထိုမိန်းမအား ကပျာသီသုတ်


mgyoe.com

mgyoe.com SAMPLE BOOK
မှာလျက်ပင် အိမ်မှ ထွက်ခဲ့သည်။ အမှန်စင်စစ် အမေသည် ယခု အရွယ် အသက် ခြောက်ဆယ်ကျော် ခေါင်းဖြူစွယ်ကျိုးသည့်တိုင် သူမ နေထိုင်ရာ ရွာနှင့် ခြောက်မိုင်ကျော် ဝေးသော မော်လူးမှ တစ်ပါး မည်သည့်နေရာမျှ ရောက်ဖူးသူ မဟုတ်။ မည်သည်ကိုမျှ သွားဖူးသူ မဟုတ်။ ရွာတွင် အသုံးလုံး သင်စဉ်ကလည်း ယောင်တိယောင်ဝါးဖြင့် ပြီးခဲ့သူ ဖြစ်လေရာ မည်သို့ သွားရ မည်ကိုလည်း သိသူ မဟုတ်။

အမေသည် ဖောနှင့် သုတ်သီးသုတ်ပျာ လျှောက်လာလျက် ဘူတာရုံ ထီးတည်းကို မြင်လျှင် ရုတ်တရက် လန့်ကာ သွား၏။ 'ဘုရား၊ ဘုရား ဘယ့်နယ် လုပ်ရပ့်ါ'ဟု အထိတ်တလန့် ရွတ်မိသည်။ ချက်ချင်းပင် 'အိုအေ ပါးစပ်ပါ ရွာရောက်တာပဲ' ဟု တွေးကာ မာန်တင်း၏။

'အိုအေ ဘာဖြစ်သေးတုံး'ဟု စိတ်ထဲတွင် မခန့်ဟန် တွေးလျက်ပင် အမေသည် ဘူတာရုံထဲ ချီတုံချတုံ အတော်ကြာ ရပ်နေသေးသည်။ နောက်ဆုံး 'မဖြစ်သေးပါဘူး'ဟု စိတ်တုံးတုံးချလျက် 'အထက်ဘက် သွားမယ့်ရထား ရှိသတဲ့လားတော့'ဟု အနီးရှိ ယောကျ်ားတစ်ယောက်ကို ခပ်ရွံ့ရွံ့ မေးသည်။ 'မသိပေါင်ဗျာ အထူးတော့ တက်သွားပြီဆိုပဲ'ဟု ထိုသူက ပြောလျှင်ကား အမေ သည် ဘာဆက်မေးရမှန်း မသိတော့။ လွတ်နေသော ခုံတစ်ခုံတွင် တိတ်ဆိတ် စွာ ဝင်ထိုင်ပြီး တောင်တောင်ဤဤ တွေးနေ၏။ ရထားစီးရမည့် အရေးကို တွေးကာ လန့်သည်။ 'အိမ်ပဲ ပြန်လိုက်ရ ကောင်းမလား'ဟုလည်း တွေးသည်။ သမီးဖြစ်သူကို သတိရလျှင် 'မဖြစ်သေးပါဘူး၊ သွားကိုသွားမှ ရမှာပဲ'ဟု စိတ်ကို တင်းလိုက်ပြန်သည်။ ကုန်းနေသော ခါးသည် ခပ်မတ်မတ် ဖြစ်သွား၏။ လုံချည် အထက်နားစကို ဆွဲလိပ်ပြီး နံရိုးအောက်နားတွင် ခပ်တင်းတင်း ပြင်ဝတ်၏။ အဖြူနှင့်အနက် တစ်ဝက်စီ ရောနေသော လက်သီးဆုပ်သာသာ ဆံထုံးကို လည်း ခပ်ကျစ်ကျစ် ပြင်ထုံး၏။ ပြီးလျှင် သူမ၏ လွယ်အိတ် အစုတ်ကလေးကို ရင်တွင် စေ့စေ့ပိုက်လျက် ငြိမ်ပြန်လေသည်။

ရထားသံချောင်းခေါက်ချိန်တွင် လက်မှတ်ရုံသို့ လူများ ဝုန်းခနဲ ထပြေးလျှင် အမေသည် ရုတ်တရက် လန့်ကာသွားသည်။ 'ဘာများပါလိမ့် ဘာများပါလိမ့်'ဟု စိတ်သည် မရိုးမရွ။ 'အထက်ရထားလက်မှတ် ရောင်းတာ တဲ့'ဟု ကြားလျှင်ကား အမေသည် အတင်းပင် လူအုပ်ထဲ တိုးတော့၏။ 'ဒီ


mgyoe.com

mgyoe.com SAMPLE BOOK
ဘွားတော် တိုးလှချည့်'ဟု အော်လှျင်လည်း ဂရုမစိုက်။ လက်မှတ် မရလိုက်လျှင် ဟူသော အတွေးနှင့် ရင်သည် တထိတ်ထိတ်။ အပြုံးအရယ် ကင်းစွာ လက်မှတ် ရောင်းနေသော စာရေးအား 'မောင်မင်းကြီးသား မျက်နှာမည်းလေး ကျန်းမာပါစေ ချမ်းသာပါစေတော်'ဟု စိတ်ထဲမှ တတွတ်တွတ် ရွတ်၍ မေတ္တာပို့၏။ 'ဟိုပင် တစ်စောင်တော့'ဟု အသံတုန်တုန်ဖြင့် ပြောရင်း ကုန်ပြီဟုများ ပြောလိုက်တော့မလားဟု စိတ်တွင် ထင့်သည်။ ရထားလက်မှတ် လက်ထဲ ရောက်ချိန်တွင်ကား 'အမယ်လေး ငါ မတက်ရသေးခင် ရထား ထွက်သွားရင် ဒုက္ခ'ဟူသော အတွေးသည် ကြီးစိုးပြန်၏။

များမကြာမီ အမေသည် တဂျုံးဂျုံး ခုတ်နေသော ရထားပေါ်တွင် ပတ်ဝန်းကျင်နှင့် ကင်းကွာလျက် အထီးတည်း ရှိ၏။ နဘား၊ မြစ်ကြီးနား ခေါက်ပြန်ရထားသည် မြွေလိမ်မြွေကောက်သဖွယ် နှေးချည် မြန်ချည် တဂျုံးဂျုံး ခုတ်လျက် ရှိသည်။ တောင်စဉ် တောတန်းသည် နီးတစ်ခါ ဝေးတစ်လှည့်။ ရံဖန်ရံခါ ဆိုသလိုပင် ရထားစီး ကုန်စိမ်းသည်များသည် သူ့ပစ္စည်းတွေ နှမ်းကုန်တော့မဟဲ့ ငါ့ပစ္စည်းတွေ ဖတ်ကုန်တော့မဟဲ့ဟု အော်ကြဟစ်ကြ ရန်ဖြစ်ကြသည်။ ထို ပွက်လောရိုက်နေသော လောကအလယ်တွင် အမေသည် ထီးတည် တိတ်ဆိတ်လျက်။ ရထားလမ်းဘေးရှိ ချုံနွယ်ပိတ်ပေါင်းကို လည်းကောင်း၊ လှုပ်လီလှုပ်လဲ့ တောပန်းများကို လည်းကောင်း၊ လည်တံရှည် ဗျိုင်းတို့ကို လည်းကောင်း ဘာကိုမျှ မမြင်။ စိတ်သည် သမီးထံတွင်သာ တရစ်ဝဲဝဲတည်း။

လှုငြိမ်သော်ငြား စိတ်ကား မငြိမ်။ လှုပ်လှုပ်ရှားရှား ပြေးပြေးလွှားလွှား ရှိစဉ်က ငုပ်လျှိုးနေသည့် သောကသည် ခေတ္တမျှ ငြိမ်ငြိမ် ထိုင်မိလျှင် လေပင့်ခံရသော မီးကဲ့သို့ပင် ဟုပ်ခနဲ ဟုပ်ခနဲ ပြန်ပေါ်လာကြသည်။ စိတ်နှလုံးသည် မသာယာ။ အော်ဟစ် ငိုရန်လည်း အားမရှိ။ ဘုရားကိုသာ တွင်တွင်တ၏။ မဟုတ်ပါစေနဲ့ ဟုသာ တွင်တွင် ဆုတောင်း၏။

ရထားသည် တဘူးဘူး တဘဲဘဲ အော်မြည်၍ ငြိမ့်ခနဲ ထိုးရပ်တိုင်းပင် အမေ့ရင်သည် ပူခနဲ ဖြစ်လျက် 'ဟိုပင် ဘူတာလားတော့' ဆိုသည့် စကားကိုသာ အဆောတလျင် မေး၏။ ရထား ပြတင်းမှ တိုးဝင်လာသောလေကြောင့် ပွယောင်းနေသော ဆံပင်ကိုလည်း သိမ်းရန် သတိမရ။ စားရန်လည်း စိတ်ထဲ မရှိ။ သောက်ရန်လည်း အတွေးထဲ မဝင်။ ညနေ သုံးနာရီ ကျနေကျဲကျဲတောက်


mgyoe.com

mgyoe.com SAMPLE BOOK
ရှိချိန်တွင်ကား အမေသည် ဟိုပင်ဘူတာ နှုတ်ခမ်းတွင် နွမ်းနွမ်းခွေခွေ ရပ်မိ
ပေသည်။

(၃)

အမေ တက်စီးမိသော ထော်လာဂျီသည် စုတ်စုတ် ဖြစ်သည်။ အသံကား လေယာဉ်သံ ဖြစ်၏။ အခိုးအငွေ့ကား မီးခိုး ခေါင်းတိုင် ဖြစ်၏။ သွားနှုန်းကား လိပ်ပေတည်း။ ထိုသို့ စုတ်ရသည့် အထဲတွင် လမ်းကား ချိုင့်ခွက်၊ ကျင်းများ ပေါလှပေရာ အမေသည် အင့်ခနဲပင် အသံ မထွက်နိုင်။ ကား၏ တစ်ထောင်ခန့် မြင့်သော နံရံကိုသာ မြဲမြဲစွာ ကိုင်ပြီး ရှေ့သို့ မျှော်မျှော် ကြည့်သည်။ သို့သော် တလိမ့်လိမ့် ညိုမှောင်သော ဖုန်လုံးကြားတွင် အပင် ရိုးတိုးရိပ်တိပ်သာ တွေ့၏။

အမေ၏ ရင်သည်ကား ပူ၍ပူ၍ လာသည်။ စိတ်ထဲတွင်လည်း 'သမီးရေ သမီး အမေ လာပြီကွဲ့' ဟု အော်ဟစ်၏။ 'အမယ်လေး အရှင်ကြီး အရှင်ကောင်းတို့ရယ် ကျွန်မသမီး အလိမ္မာလေးကို စောင့်ရှောက်ပါဦး' ဟုလည်း ပါ၏။ ကားမောင်းသော ကောင်လေး၏ '*မွေး... မွေးမေကျေးဇူး... ဆပ်ဖူးချင်တယ်လေ၊ တစ်နယ်စီခြားလို့ ဝေးကွာခဲ့ပေ... သား... ချစ်တဲ့ မွေးမေမေ၊ သား... သားချစ်တဲ့ မွေးမေမေ*' ဟူသော ဆွဲဆွဲငင်ငင် အသံကို ကြားလျှင် အမေ့ရင်သည် ဝုန်းဗိုင်းကြဲသည်။

ကားပေါ်တက်ခါစတွင် အမေသည် 'နန့်ရင်းရွာမှာ ကောက်ရိတ်သမ တစ်ယောက် သေတယ်ဆို' ဟု မေးလျှင် 'ဟုတ်ပါ့ဗျာ' ဟု ဖြေပုံ 'ဘယ်သူတဲ့တုံး' ဟု ဆက်မေးလျှင် 'မသိပေါင်ဗျာ၊ ငယ်တော့ မငယ်တော့ဘူးဗျ၊ လေးဆယ် ကျော်ပြီ ဆိုပဲ' ဟု ဖြေပုံတို့ကို သတိရ၏။ အမေသည် ထိုအဖြေကို ကြားလျှင် ငိုင်ကာ ကျသွား၏။ မဟုတ်နိုင်ပါဘူးဟု တွေးတထင့်ထင့် ရှိသော စိတ်သည် တုံးတုံးကျလုလု ဖြစ်သည်။ စဉ်းစားရင်းပင် မျက်ရည်ပူများသည် ပါးတွင် စိုစွတ်လာသည်။ 'ဟင့်အင်း မယုံဘူး၊ အလောင်း မမြင်မချင်း မယုံနိုင်ပါဘူးအေ' ဟု စိတ်တွင် တီးတိုးဆိုရင်း ခေါင်းယမ်းသည်။

"နန့်ရင်း ရောက်ခါနီးပြီဗျ"


mgyoe.com

mgyoe.com SAMPLE BOOK

ဟူသော ကားသမား၏ စကားသံကို ကြားလျှင် အမေ၏ ရင်သည် ပို၍ တုန်လှုပ်လာသည်။ နှလုံးခုန်သံသည် ပို၍ မြန်လာသည်။ လူသည် ဇောချွေးများ ထွက်လျက် ဟိုက်ခနဲ ဟာခနဲ ရှိ၏။ ဘာကိုမျှ ရင်မဆိုင်ဝံ့စွာ မျက်စိမှိတ်ကာ ခေါင်းငုံ့နေဆဲတွင် ထော်လာဂျီသည် တုံ့ခနဲ ရပ်သည်။ 'ရောက်ပြီ' ဟူသော အသံကြောင့် မဝံ့တဝံ့ မျက်စိဖွင့်မိလျှင် အမေ၏ ရင်သည် ဝုန်းခနဲ ပြိုဆင်းသည်။ အမေ၏ ရှေ့တွင်ကား ခေါင်းတလား တစ်လုံးပေတည်း။ အနီ၊ အဝါ၊ အပန်း၊ ပိတ်ပါးစများဖြင့် ဆင်ယင်အပ်သော ခေါင်းတစ်လုံးတည်း။ ထိုခေါင်း၏ အပေါ်တွင်ကား ထမင်းပန်းကန် တစ်ချပ်နှင့် ရေတစ်ဖန်ခွက်သည် ငေါင်းစင်းစင်း ရှိ၏။ အဖြူ၊ အနီ၊ အစိမ်း၊ အညိုပန်းများ ထိုးစိုက်ထားသော ပန်းအိုးသည် အခေါင်းထက်တွင် ထီးတည်း။

အမေသည် ထော်လာဂျီထက်မှ ဝုန်းခနဲပင် ခုန်ဆင်းမိသည်။ မြေပြင်ထက်တွင် ခွေခွေယိုင်ယိုင် လဲကျသွားသည့်တိုင် နာသည် မသိ၊ ကျင်သည် မသိ။ 'သမီးရဲ့ သမီး' ဟု နုတ်မှ သတိလက်လွတ် တတွတ်တွတ် ရွတ်ရင်း လေးဖက်ထောက်ကာ ကုန်းရုန်းထ၏။ မသာ တင်ထားသော လှည်းနားသို့ ယိုင်ယိုင်ထိုးထိုး တရွေ့ရွေ့ တိုးရင် ရှိုက်ကြီးတငင် စငိုသည်။

"သမီး အလိမ္မာလေးကိုမှတော်"

ဟု ဟစ်မိ၏။ ပတ်ဝန်းကျင်ကိုလည်း ဂရုမထားမိ။ လူသူလေးပါးကိုလည်း မမြင်မိတော့။ ငိုရင်း ရှိုက်ရင်း ထွက်လာသော နှပ်နှင့် မျက်ရည်များကို လုံချည် အထက်နားစနှင့် ငုံ့ပြီး ဆွဲဆွဲသုတ်နေသော အမေသည် ကျောပြင်သို့ ဖြန်းခနဲ လာရိုက်သည့် လူကြောင့် ဆတ်ခနဲ မော့ကြည့်သည်။ အမေ၏ ရင်သည် ဒိန်းခနဲ ခုန်၏။ အမေ မြင်ရသည်ကား သေပြီဟု အမေ ထင်နေသော အမေ၏ သမီးပေတည်း။ ထို့ကြောင့် –

"အစိမ အစိမ မသေဘူးနော်"

ဟူသော အမေ၏ အသံတုန်တုန်နှင့်

"အမေ ဘာလုပ်နေတာတုံး"

ဟူသော သမီး၏ စိတ်ရှုပ်ထွေးသံတို့သည် ပြိုင်တူနီးပါပင် ထွက်လာကြသည်။ အမေသည် 'အစိမ' ဟု ခေါ်ရင်း သမီး၏ လက်ကို တုန်တုန်လှုပ်လှုပ် ဆွဲကိုင်သည်။ ထိုစဉ် အမေသည် ဝိုင်းကြည့်နေသော ပတ်ဝန်းကျင်ကို သတိ


mgyoe.com


mgyoe.com SAMPLE BOOK
ထားမိလာသည်။ သမီး၏ ပြုံးစိစိ ဟန်ပန်ကိုလည်း ဂရုပြုမိလာသည်။ ရုတ်တရက် ရှက်စိတ်သည် အမေ့အား ဖြန့်းခနဲ ဖုံး၏။ အမေသည် သမီး၏ လက်မောင်းကို ဖျတ်ခနဲ ခပ်ဆတ်ဆတ် ရိုက်ရင်း ပြုံးတုံ့တုံ့ စူတူတူ မျက်နှာဖြင့် 'သေခြင်းဆိုးမ၊ မသာမ ငါက သေပြီ အောက်မေ့နေတာ' ဟု လွှတ်ခနဲ အော် သတည်း။

ရွှေအမြုတေမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၁၃။

⁂


mgyoe.com

mgyoe.com SAMPLE BOOK



၊ အိမ်နီးချင်း ၊

mgyoe.com

mgyoe.com SAMPLE BOOK

# အိမ်နီးချင်း

အဒေါ်စည်နှင့် မသန်းခင်သည် ရဲစခန်းဝန်း အတွင်းရှိ အိမ်ထောင်သည် တန်းလျားတွင် အခန်းကပ်လျက်နေသော အိမ်နီးချင်းများ ဖြစ်ကြ၏။

(၁)

အဒေါ်စည် စာကျက်နေ၏။ အိမ်ရှေ့ခန်း တည့်တည့်တွင် ပုံ့ပုံ့ကြီး ထိုင်ကာ ခေါင်းယမ်းယမ်း ကိုယ်ယမ်းယမ်း၊ ပါးစပ် တလှုပ်လှုပ်ဖြင့် အားသွန်ခွန်စိုက် စာကျက်နေ၏။ ထိုသို့ စာကျက်ရင်းပင် အဒေါ်စည်၏ ခေါင်းနှင့်ကိုယ်သည် ရှေ့သို့ ငိုက်ခနဲ ငိုက်ခနဲ ဆင်းသည်။ သို့သော် ချက်ချင်းပင် ဆတ်ခနဲ ခေါင်းကိုမတ်ပြီး စာကို ဆက်ကျက်၏။

ထိုအချိန် အိမ်ရှေ့တွင် တစ်ယောက်ယောက် ရောက်လာသံ ကြားလျှင်မူ အဒေါ်စည်၏ စာကျက်ခြင်းသည် ပို၍ အားမာန် ပါလာသည်။ ညှော့သည်ကို ညှော့မခံနိုင်ဟန်၊ အလုပ် အလွန်အမင်း ရှုပ်ဟန် ပေါက်လာသည်။ ညှော့သည် အိမ်ထဲထိ ဝင်လာချိန်တွင်ကား သူမရှေ့ရှိ စာရွက်စာတမ်း အနည်းငယ်မျှကို



mgyoe.com

mgyoe.com SAMPLE BOOK

တဖြန်းဖြန်း အသံမြည်အောင် ခါတော့၏။ ထို့နောက်တွင်ကား 'လာ မအေးရှင်' ဟု ညွှဲ့သည်ကို ခေါ်ရင်း –

"ငါကိုက ရှုမိတာပါ အေး၊ လာမယ့် စနေနေ့လေ ခရိုင်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ ရှိတာ။ အဲဒါ ဒီရဲစခန်းထဲက တစ်ယောက် ထွက်ပြောရမတဲ့။ ဟိုလူကလည်း မဝံ့၊ ဒီလူကလည်း မရဲ ဆိုတော့။ ဒါနဲ့ပဲ ကဲဟယ် ငါလုပ်မယ် ဆိုပြီး တာဝန်ခံလိုက်တာ အခုတော့ အသက်ကြီးမှ စာကျက်နေရတယ်လေ။ ကိုယ့်အပြစ်နဲ့ကိုယ် ရှုချင်မိတာကိုး"

ဟု ရှည်ရှည်လျားလျား ညည်းတွား၏။ ထိုအဒေါ်စည်၏ ညည်းသံတွင် ဝင့်ကြွားမှုသည် ဖုံးဖိမရ။ အပျိုကြီးတစ်ယောက် အိမ်ထောင်ကျစတွင် ပြောသော လင်ယောကျ်ားအပေါ် မကောင်းမြင်သံမျိုး ဖြစ်သည်။ ဆက်ပေါင်းရန်ကား ခါးနာသည်။ ကွာရှင်းရန်ကား တစ်ယောက်တည်း မအိပ်ချင် ဆိုသလိုတည်း။ တစ်ဖက်ခန်းမှ မသန်းခင်သည် ထိုညည်းသံကို ကြားလျှင် ပါးစပ်သည် အလိုလိုပင် မဲ့ကာသွား၏။ နှုတ်မှလည်း –

"အမယ်လေး... ဟိုလူကလည်း မရဲ၊ ဒီလူကလည်း မဝံ့တဲ့။ ပြောရဲပ မဟာစည်ရယ်"

ဟု ခနဲ့တဲ့တဲ့ ရွတ်၏။

"မအေးရှင်ရေ... တော်တော့ ကံအကြောင်း ဖန်လာတော့လည်း နားဆင်ပေဦးတော့"

ဟု မဲ့ကာရွဲ့ကာ ဆိုသည်။ ထိုစဉ် တစ်ဖက်ခန်းမှ အဒေါ်စည်၏ အသံသည် အနည်းငယ် နိမ့်ဆင်းလျက် –

"အဲဒီနေ့က စခန်းမှူးမိန်းမများ လေရှည်ချက်တော်ရေ့။ သူပြောတာလည်း ဘယ်သူမှ ဂရုစိုက်ပြီး နားမထောင်နေကြပါဘူး"

ဟု ပြော၏။ ထိုအသံကြားလျှင် မသန်းခင်သည် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ဒီအထိတော့ မှန်တယ်ပုံစံမျိုး လုပ်၏။ အမှန်လည်း ထိုစနေက စခန်းမှူး ကတော်သည် လေတော်တော်ရှည်၏။ ကျပန်းစကားပြော ပြိုင်ပွဲတွင် တစ်ယောက် ထွက်ပြောရန် ကိစ္စကိုပင် တောင်ဖွေမြောက်ဖွေနှင့် လိုရင်း မရောက်နိုင်။ မသန်းခင် အပါအဝင် တောက်မည့်မီးခဲ ရဲရဲမများသည် 'ကိုယ်က လိုချင်လွန်းလျှင် စျေးတက်တတ်တယ်၊ အိုက်တင်တော့ ခံဦးမှ' ဟူသော စိတ်


mgyoe.com

mgyoe.com SAMPLE BOOK

နှင့် စခန်းမှူးကတော်၏ စကားအဆုံးတွင် 'အင်း...အဲ' လုပ်ပြီး ခဏ မှုနေကြစဉ် အဒေါ်စည်သည် 'ဝုန်း'ခနဲ ထရပ်ပြီး 'ကျွန်မ လုပ်မယ်' ဟု ထပြောခြင်း တည်း။

"အချိန်တွေကလည်း ကြာလှပြီ၊ ဟိုလူက ဒီလူလွှဲ၊ ဒီလူက ဟိုလူချနဲ့၊ အသင်းအဖွဲ့နဲ့ ကိစ္စဆို အပ်တောင် ဦးပဲ့ ထမ်းချင်ကြတာ။ တစ်ယောက်တည်း စွမ်းစွမ်းတမံ လုပ်ရမယ့်ကိစ္စ ဆိုတော့ အားလုံးက နောက်တွန့်။ ဒါနဲ့ပဲ ကဲ ငါလုပ်မယ်ဆိုပြီး တာဝန်ခံလိုက်တာ၊ အခုတော့ စာကျက်နေရတော့တာပဲ၊ အဟင်းဟင်း.... ဟင်း"

အဒေါ်စည်၏ တမျှင်းမျှင်း ရယ်နေသော ဟင်းသံသည် မသန်းခင်၏ စိတ်ကို တရှရှ ဆွသည်။

"တောက် အဲဒီကတည်းက ငါလည်း ထပြီး ပြောခဲ့ရမယ့်ဟာ"

ဟု နောင်တရ၏။ ထိုစဉ်ကမူ ရန်သူတော် မစည် ထပြီးသားမို့ မထချင်တော့သည် တစ်ကြောင်း၊ အလွန်အမင်း စင်ပေါ် တက်ချင်နေဟန် ပေါ်မည်စိုးသည် တစ်ကြောင်းကြောင့် အားလုံးက 'မမစည်၊ မမစည်' ဟု လက်ခုပ်လက်ဝါး တီးနေကြချိန်တွင် အသာယို့ပြီး နေခဲ့သည်။ 'ဒီမိန်းမ ဒီစကား ပြောမယ်ဆိုတာ အစကတည်းက ငါသိနေရမှာ၊ အခုတော့' မသန်းခင်၏ စိတ်သည် တနုံ့နုံ့။ ထိုစဉ် တစ်ဖက်အခန်းမှ -

"ဈေးသွားမလို့ ဘာမှာဦးမလဲ ဝင်မေးတာ။ စကား ကောင်းနေတာနဲ့ပဲ"

ဟူသော မအေးရှင်၏ အသံကို ကြားလျှင် ဖျတ်ခနဲ အပေါက်ဝ ထွက်ရပ်၏။ ပြီးလျှင် နှစ်ယောက်သား ထွက်လာသည်ကို မြင်မှ -

"ခုနက မအေးရှင် ဈေးသွားမယ် ကြားလိုက်သလားလို့။ အဲဒါ ဈေးထဲမှာ ရှားရှားပါးပါး လိပ်သားလေးများ တွေ့ရင် ဝယ်ခဲ့ပေးပါ၊ စိတ်ထဲ စားချင်သလိုလို ရှိလို့"

ဟု ခပ်တည်တည် ဆိုသည်။ စိတ်ထဲတွင်ကား 'မှတ်ပလား လိပ်မကြီး' ဟု ဝမ်းသာအားရ ဆို၏။ မြွေမြွေချင်း ခြေမြင်သူ အချင်းချင်း အဒေါ်စည်သည် လိပ်ဆိုသော စကားကို ချက်ချင်းပင် နားလည်သည်။ ထို့ကြောင့်ပင် -

"ဟဲ့ ဒါနဲ့ လိပ်သားက ဆွေစဉ်မျိုးဆက် ခုနစ်ဆက်အတွင်း နူတဲ့သူ ရှိရင် မစားရဘူးဆို"



mgyoe.com

ဟု မသိနားမလည်သလို ပြန်မေးသည်။ မသန်းခင်သည် ခဏမျှ ကြောင်နေရာမှ -

"အမယ်လေး၊ အဲဒါ ဂျီသားတော့၊ လိပ်သား မဟုတ်ဘူး၊ ကျပန်း ပြိုင်မယ့်သူနော် ဗဟုသုတစုံအောင် လုပ်ထားဦး"

ဟု အဒေါ်စည်အား အသာနက်ရင်း -

"ဒါနဲ့ မမစည်ပြောမှ စားချင်လာတယ်၊ ဂျီသားတွေ့ရင်လည်း ဝယ်ခဲ့ ပါဦး"

ဟု မှာ၏။ သဘောကား သူတို့အမျိုးအတွင်းတွင် နူသူ မရှိဟု ဆိုလိုရင်းတည်း။ အဒေါ်စည်၏ စိတ်တွင်ကား ခံလိုက်ရလေခြင်းဟု တနုံ့နုံ့။

(၂)

"ဟဲ့ နင်က နင့်ယောက်ျား ပြန်လာမှ ပေးမယ် ပြောရအောင် သူ တစ်ခေါက် ပြန်လာရင် နင် တစ်ခေါက် ကလေးမွေးရတာအပြင် ဘာရွှေ ဘာငွေ တွေများ ပါလာဖူးလို့လဲ"

ကြည်လင် သာယာသော မနက်ခင်း တစ်ခုတွင် အဒေါ်စည်၏ အောင်မြင်လှသော အသံကြီးသည် ဟိန်းထွက်လာလျှင် မသန်းခင်သည် လုပ်လက်စ အလုပ်ကို ခေတ္တရပ်ပြီး -

"ဟော.... စောစောစီးစီး စည်ဟိန်းနေပါလား။ ဘယ်သူများ လာပြီး စည်တော် လာယွမ်းပါလိမ့်"

ဟု တီးတိုး ရေရွတ်၏။ ထို့နောက် မနေနိုင် မထိုင်နိုင် တံခါးအကွယ်မှ ချောင်းပြီး -

"ဩော်.... ကြွေးပင်လယ် မာဒွေး"

ဟု တီးတိုးရေရွတ်၏။

အဒေါ်စည်၏ အိမ်ရှေ့တွင်ကား ကလေးတွဲလောင်း၊ စုတ်တီး စုတ်ပြတ်နှင့် မျက်နှာငယ်ငယ် မိန်းမတစ်ယောက် ရှိ၏။ အဒေါ်စည်သည်ကား အိမ်ရှေ့စမ္ဗျင်တွင် လုံချည်ကို ဒူးတင်ပေါင်တင် ထိုင်ပြီး တတွတ်တွတ် မေတ္တာ ပွားနေပေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

"နင် ငါ့အကြွေးတွေကို နေ့ရှေ့ညရှေ့လုပ်နေတာ အတော်ကြာပြီ။ ဒီမယ် ငါ တစ်ခါတည်း ပြောလိုက်မယ်၊ ငါ့ပိုက်ဆံ ပြန်မဆပ်ချင်ရင် ငါ့ယောက်ျားနဲ့သာ လာအိပ်တော့ဟေ့"

အဒေါ်စည်သည် သူ့စကားကို ဘယ်ရောက်ရောက်ဟု သဘောပိုက်ကာ ဖွတ်ပင် ပြော၏။ ဒီလိုမှ မပြောရင် ရမှာ မဟုတ်ဘူး၊ အကြွေးတွေက နှစ်ပေါက်နေပြီ ဟုလည်း စိတ်က တွေးသည်။ ထိုစကားကို ကြားလျှင် မာဗွေးသည် မျက်နှာ ကွက်ခနဲ ပျက်ပြီး ခေါင်းငုံ့၏။ မသန်းခင်သည် စိတ်ထဲမှ 'အမယ်လေး... ဒီမိန်းမ ပါးစပ်ပေါက် ဆိုးချက်တော့' ဟု တွေးမိသည်။ ထို့နောက်တွင် အိမ်ရှေ့သို့ ဖျတ်ခနဲ ရောက်ပြီး ပါးစပ်မှလည်း -

"အမယ်လေး... မမစည်ရယ်၊ ဘယ်လိုဆိုလိုက်တာလဲ။ ကဲကဲ မာဗွေး ညည်းလည်း ပြန်တော့၊ အဆင်ပြေရင်တော့ သူ့များပိုက်ဆံပဲ ပြန်ဆပ်ပေါ့အေ၊ သွား... သွား"

ဟု အဆက်မပြတ် ပြောသည်။

'မမစည်ရယ် ကိုယ်ကလည်း ပိုက်ဆံ ချေးရသေးတယ်။ အာကြမ်းတယ်လည်း အပြောခံရသေး ဖြစ်နေပါဦးမယ်"

ဟု တရားရှင်မကြီး စတိုင်နှင့် ဆို၏။ အဒေါ်စည်သည် ထိုအချိန်တွင် သူ့စကား ရောက်နေသည့်နေရာကို သတိထားမိလေပြီ။ စိတ်တွင် အားနာသလိုလည်း ဖြစ်လာ၏။ သို့သော် မသန်းခင် တရားချသောကြောင့် သူ တရားကျရမည့်အဖြစ်ကိုမူ မလိုချင်။ ထို့ကြောင့်ပင် -

'ညည်းက ဘာသိလို့လဲဟဲ့၊ အဲဒီ ကောင်မက ငွေကို ယူဖို့ပဲ သိတာ။ ပြန်ဆပ်ဖို့ သိတာ မဟုတ်ဘူး"

ဟု မာတင်းတင်း ဆို၏။ စိတ်ထဲမှလည်း 'ငါက ငါ့ပိုက်ဆံအတွက် ပြောတာပါအေ၊ ညည်းလိုတော့ ပါလေရာ မဟုတ်ပါဘူး' ဟု ခွပ်လိုက်သေးသည်။

ထို့နောက် နှစ်ယောက်သား ရေနွေးဇွန်းကို အလယ်တွင် ချလျက် ထိုင်မိ ကြချိန်တွင် အဒေါ်စည်သည် ဦးနှောက်ထဲ လက်ခနဲ တွေးမိပြီး -

'ဟဲ့... သန်းခင် ညည်း ဆန်အသစ်နဲ့ ထမင်းချက်တာ တော်တော်ကျွမ်းတယ်ဆို၊ ငါ့ကို တစ်အိုးလောက် ချက်ပြစမ်းအေ။ ငါ တူးလွန်းလို့'


mgyoe.com

mgyoe.com

ဟု ဆို၏။ အတန်ကြာလျှင် မသန်းခင်သည် ခွေးတစ်လုံးလုံးဖြင့် ထမင်းချက်လျက်ရှိပြီး အဒေါ်စည်သည်ကား ဘေးနားတွင် ပြုံးပြုံး၊ ပြုံးပြုံးဖြင့် အတင်းတုတ်လျက် ရှိသည်။ ထို အတင်းတုတ်နေသော အဒေါ်စည်၏ စိတ်ထဲတွင်ကား 'ကောင်မ၊ ဆရာများ လုပ်ရမယ်ဆိုရင် ကျွန်ဖြစ်တာတောင် မသိတော့ဘူး' ဟု အသားယူကာ တွေးနေ၏။

(၃)

အဒေါ်စည်သည် အလုပ်ရှုပ်နေ၏။ အကြောင်းကား သူမ၏ ကျပန်းပြိုင်ပွဲကြောင့်တည်း။ ကျပန်းပြိုင်ပွဲ၏ ခေါင်းစဉ်သည် 'အိမ်နောက်ဖေး ဈေးဆိုင်တည်' ဖြစ်၏။ အဒေါ်စည်ကား သစ်သီးဝလံအပင် မဆိုထားဘိ မြက်တစ်ပင်ပင် ရှင်အောင် စိုက်ဖူးသူ မဟုတ်။ ထို့ကြောင့်ပင် အဒေါ်စည် အလုပ်ရှုပ်နေ၏။

အဒေါ်စည်သည် ကနဦးတွင် ထိုခေါင်းစဉ်ကြားလျှင် မြေသြဇာအကြောင်း လေ့လာရန်၊ ဂရုတ် မုန့်ညှင်းအကြောင်း ဖတ်ရန် ဗျာများသည်။ ခေါင်းသုံးလုံး အဘိုးအို ပုံပြင်ကို ပြောပြရကောင်းနိုးလည်း စဉ်းစားသည်။ သို့သော် နောက်ဆုံးတွင် မဟာစည် ဖြစ်ရကား နည်းလမ်း တွေ့လေ၏။ ယင်းကား အခြားမဟုတ်။ စာတိုပေစများ ရေးတတ် ဖတ်တတ်သော စာရေးဆရာယောင် တစ်ဦးအား ငွေပေးပြီး စာရေးခိုင်းရန်ပင် ဖြစ်သည်။ ထိုလူမျိုးကိုလည်း ဝေးဝေးပင် ရှာစရာ မလို။ စခန်းထောင့်တွင် အထင်းသား ရှိပေသည်။

မနက်ခင်း တစ်ခုတွင် အဒေါ်စည်သည် ထိုစာရေးဆရာထံသို့ တိုးတိုးတိတ်တိတ် သွား၏။ ထို့နောက် အကြိတ်အနယ် တိုင်ပင် ဆွေးနွေး၏။ နောက်ဆုံး ငွေခုနစ်ထောင်နှင့် ဈေးတည့်ပြီးနောက် များမကြာမီပင် အဒေါ်စည် အလိုရှိသော စာပေမျိုး ရလေ၏။ အဒေါ်စည်သည် ထိုစာ ရရချင်းပင် မသန်းခင်ကို ကွက်ခနဲ ပြေးမြင်သည်။ 'ဒီကောင်မ ဖျားသွားစေရမယ်' ဟုလည်း စိတ်ထဲမှ တွေးလိုက်သေးသည်။ မသန်းခင်နှင့် ဆုံချိန်တွင်ကား -

"သန်းခင်ရေ၊ အစ်မ ရေးထားတာလေး ဝေဖန်ပါဦး"

ဟု ခပ်တည်တည်ဖြင့် ဖိန့်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မသန်းခင်သည်ကား အဒေါ်စည်နှင့် စာရေးဆရာ အကြောင်းကို ပထမဦးဆုံး နေ့မကူးမီကပင် သတင်းရပြီးလေပြီ။ ထို့ကြောင့်ပင် အဒေါ်စည်၏ စကားသံကို ကြားလျှင် 'အမယ်လေး… အစ်မရေးထားတာတဲ့' ဟု စိတ်တွင်းက မဲ့သည်။ သို့သော် ပါးစပ်ကမူ –

"ပြပါဦး အစ်မရဲ့ ပညာယူရအောင်"

ဟု ခပ်ချိုချို ဆို၏။ ထို့နောက် ကဲ့ရဲ့ပေးလိုက်ဦးမယ် ဟူသော အတွေးနှင့် စာရွက်ကို ဆတ်ခနဲ ဆွဲယူပြီး အသံကျယ်ကျယ်နှင့် စဖတ်သည်။

"ရောရစ်ခွေ၊ မြူတွေရစ်ဆိုင်း၊ တောင်ပတ်ဝိုင်းသည်၊ ဖွံ့ဖြိုးသာယာ၊ မြို့ကသာတွင်း၊ ဘေးရန်ကင်းပ၊ ချမ်းသာရဖို့၊ အကျိုးမျှော်ချင့်၊ တာဝန်ဆင့်ခံ၊ ထမ်းရွက်မှန်သည်၊ မြို့မစခန်းနေ၊ ဒေါ်စည်ပေဟု၊ နှုတ်ခွန်းရွရွ ဆက်သပါသည်"

မသန်းခင်သည် ထိုတစ်ကြောင်းပြီးလျှင် လက်ထဲမှ စာရွက်ကို ဖြတ်ခနဲ ပစ်ချပြီး –

"အမယ်လေး အစ်မရယ်၊ အစ်မဟာက ကာရန်နဲ့၊ နဘေနဲ့၊ ကဗျာ ရွတ်ပြိုင်မှာ ကျနေတာပဲ။ ရှည်လျားထွေပြား"

ဟု ကဲ့ရဲ့သလို ဆိုသည်။ အဒေါ်စည်ကား စိတ်ထဲတွင် တစ်မျိုး ဖြစ်လျက် –

"ဟဲ့၊ အဲဒါ ပညာခန်းဟဲ့၊ အေးလေ ပညာခန်းဆိုမှတော့ ပညာရှင်ပဲ နားလည်တော့မပေါ့"

ဟု ငေါ့တော့တော့ ပြန်ဆို၏။ မသန်းခင်သည် မှုဟန် မပြ၊ အဟာစ်ဟာစ် ဟုပင် ညစ်ရယ် ရယ်လိုက်သေးသည်။ ပြီးလျှင် အတည်အတံ့ အမှန်အကန် မျက်နှာဖြင့် –

"ဟို စခန်းထောင့်က စာရေးဆရာရှူးကို ရေးခိုင်းကြည့်ပါလား"

ဟု ဆို၏။ စိတ်ထဲတွင်မူ ဒင်း ဘယ်လို မျက်နှာနဲ့များ နေမလဲဟု ရွဲ့တဲ့တဲ့ တွေးသည်။ အဒေါ်စည်သည် မသန်းခင် ပြောတာ သဘောရိုးလား ဟုလည်း တွေး၏။ ဒီကောင်မ သိများနေသလားဟုလည်း တွေး၏။ နောက်ဆုံး 'အိုအေ၊ ဘယ်သူကိုမှ မပြောဖို့ စာရေးဆရာကို ငါ ပိတ်ခဲ့သားပဲ' ဟု တွေးလျက် မျက်နှာသေဖြင့် ဖွတ်ပင် –

"ငါက ကိုယ့်အားကိုယ်ပဲ ကိုးချင်တာ"


mgyoe.com

mgyoe.com

ဟု ပြောလိုက်သည်။ မသန်းခင်သည် -

"သြော်..." ဟု သံရှည်ဆွဲပြီး ဘာမှ ပြန်မပြော။

ထို အောင့်ထားသမျှသည် ညနေခင်း ရောက်လျှင်မူ ရဲစခန်းဝန်း တစ်ခုလုံး တဟိုးဟိုးကျော်ကာ ပျံ့၏။ 'မဟာစည်တို့များ' ဟု အစချီထားသော အဒေါ်စည်၏ ကြွားချင်ပုံကို ကလေးအစ ခွေးအဆုံး သိလေပြီ။ သိပင် သိငြား သော်လည်း အဒေါ်စည်သည် ဟန်မပျက် တည်တင်းတင်း နေ၏။ စိတ်ထဲကမူ 'ဒါ ဟိုမသာမ သန်းခင် လက်ချက်ပဲ နေမှာ' ဟု တွေး၏။ မသန်းခင်သည်ကား သူ့အိမ်အတွင်းတွင် တခွိခွိ ကျိတ်ရယ်နေပေသည်။

(၄)

မိုးချုပ်လေပြီ။ မီးသည် ထုံးစံအတိုင်း လာလိုက် ပျက်လိုက် ရှိ၏။ မီးလာလျှင် ကလေးများရော လူကြီးများပါ ဝေးခနဲ အော်ကြ၏။ မီးပျက်ပြန် လျှင်ကား ဟာခနဲ အော်ကြပြန်သည်။ ထိုအချိန် အဒေါ်စည်၏ စကျက်သံ ကျယ်ကျယ်လောင်လောင်သည်လည်း ပျောက်တစ်ခါ ပေါ်တစ်လှည့် ရှိ၏။ သို့ဖြင့် မီးပျက်သောကြောင့် ကိုးရီးယားကား လွတ်ရသည်ကို ဒေါသူပုန်ထနေ သော မသန်းခင်အား အဒေါ်စည်၏ စကျက်သံသည် တရွရွ ဆွသလို ဖြစ်နေ ပေသည်။ အဒေါ်စည်မှ 'ချဉ်ပေါင်တစ်ခင်း၊ ရွှေစင်တစ်တင်း' ဟု ရွတ်လျှင် မသန်းခင်သည် 'ဟင့်'ခနဲ မဲ့ပြီး ချဉ်ပေါင်ကိုများဟု သံယောင်လိုက်သည်။ အဒေါ်စည်မှ 'ငရုတ်တစ်ပင်အောင်၊ ပြည်အလင်းဆောင်အံ့' ဟု ဆိုလျှင် မသန်းခင်သည် 'အမယ်လေး...လေး၊ ငရုတ်ပင်က' ဟု ရင်ဘတ်စည်တီး၏။ နောက်ဆုံး 'ဗူးတစ်စင်အကျိုး တိုင်းပြည်ဖြိုးအံ့' ဟု ဆိုလိုက်ချိန်တွင်ကား မသန်းခင်သည် 'နွေခေါင်ခေါင်ကြီး ဖားက အော်ချက်တော်ရေ့' ဟု မအောင့်နိုင် မအည်းနိုင် အော်မိ၏။ သို့သော် နစ်ဘက်ယောက်ျားနှင့် မိသားစုများ ရှိနေ သဖြင့် လူသိရှင်ကြား မထေ့ငေါ့လိုက်ကြရ။

အဒေါ်စည်သည် အိမ်ထောင်ကျခါစ ကျပ်တည်းပုံ၊ ကလေးမွေးပြီး နို့က မထွက်၊ နို့မှုန့်ဖိုးက မတတ်နိုင်၊ ဒုက္ခအလီလီ ရောက်ရပုံ၊ နောက်ဆုံးတွင် အဘွားဖြစ်သူ လက်ဖွဲ့ခဲ့သော မျိုးစေ့ဘူးကြီးကို သတိရပြီး မြေကွက်ကျဉ်း


mgyoe.com

mgyoe.com

ကျဉ်းလေးမှ စတင်စိုက်ပျိုးပုံ၊ တဖြည်းဖြည်း အောင်မြင်လာပုံ၊ အပိုဝင်ငွေလေး များ ရလာပုံ၊ သားဖြစ်သူကိုပင် ဆေးကျောင်းထားနိုင်သည့်အထိ အဆင်ပြေ လာပုံများပါသော ကိုယ်တိုင်မရေး အလွမ်းအဆွေးနှင့် အားတက်ဖွယ် ဘဝ ဇာတ်လမ်းစုံကို အားကြိုးမာန်တက် ကျက်မှတ်၏။ မသန်းခင်ကား စာရေး ဆရာ၏ လက်စွမ်းပြချက်တစ်ခု ကြားတိုင်း 'အမယ်လေး... လေး' တ၏။ 'သူ့ယောက်ျား မထုံတက်သေးကို သူက ဦးဆောင်ပြီး ခိုးတာလည်း မပါ' ဟုလည်း ရေရွတ်သည်။ 'ငွေတိုးချေးတဲ့အကြောင်း၊ အကြွေးတောင်း ကြမ်းတဲ့ အကြောင်းလည်း တစ်ခွန်းမဟ'ဟုလည်း ရွဲ့တဲ့တဲ့ ဆိုသည်။ 'အမယ်လေး ပျော်စရာ မိသားစုတဲ့။ သူ့သား ဆတ်ကော့ လတ်ကော့နဲ့ အော်ကြ ဆဲကြတာ လည်း မပါ'ဟု ထေ့တေ့တေ့ ပြောသည်။

နောက်ပိုင်း 'စိုက်ပျိုးရေးဖြင့် တိုင်းပြည် တည်ထောင်မည့် ကျွန်မတို့ နိုင်ငံအတွက် အိမ်နောက်ဖေး ဈေးဆိုင် ဖြစ်တဲ့ တစ်ပိုင်တစ်နိုင် စိုက်ခင်းလေး များဟာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်နေမည်ဖြစ်ကြောင်း' အဒေါ်စည် တစ်ယောက် အသည်းအသန် စာကျက်နေချိန်တွင် မသန်းခင်သည် ရိပ်ခနဲ အိပ်ပျော်သလို ရှိနေရာမှ 'အင်း၊ ခြောက်လုံး မြောက်လုံးတွေ' ဟု တွေးမိသေး၏။

(၅)

နောက်တစ်နေ့မနက် မအေးရှင် တန်းလျားရှေ့က ဖြတ်ပြီး ဈေးသွား ချိန်တွင် မသန်းခင်သည် ဖြုန်းခနဲ အိမ်ရှေ့ထွက်လာပြီး –

"ညက ဖား အော်လိုက်တာ၊ ဈေးထဲမှာ ဖားရောင်းတာ တွေ့ရင် ဝယ်ခဲ့ပါ"

ဟု ထွက်မှာသည်။ ထိုမှတစ်ပါး တခြား ထေ့သံ ရိသံကို မကြားရ။ နေ့ခင်း မွန်းတည့်လောက်တွင်ကား ထူးထူးခြားခြား နှစ်ယောက်သား တည့်ပြီး ဟီလာတိုက်နေ၏။ အိမ်ရှေ့ ဖြတ်လျှောက်သမျှ လူများကိုလည်း –

"ဟော့၊ မနက်ဖြန် ကျပန်းပြိုင်ပွဲ ရှိတယ်။ အဒေါ်စည်ကို လာပြီး လက်ခုပ် တီးကြဦး၊ ဒါမှ ပရိသတ် အမှတ်ရမှာ"

ဟု ကျယ်ကျယ်လောင်လောင် အော်၏။


mgyoe.com

mgyoe.com SAMPLE BOOK

မသန်းခင်သည် အဒေါ်စည်အား 'မမစည်'ဟု နုတ်ဖျားမှ မချသကဲ့သို့ အဒေါ်စည်မှလည်း မသန်းခင်အား 'ညီမ'ဟု တွင်တွင် ခေါ်သည်။ အကြောင်းကား အဒေါ်စည်သည် မသန်းခင်အား ပစ္စည်းရော လူပါ စိုက်ရုံတင်မကပဲ လုံချည်ပါ ခေါက်ပေးရမည့် မိတ်ကပ်ဆရာမ ခန့်လိုက်သောကြောင့်တည်း။

"မမစည်ရဲ့ ဆံပင်က တိုတဲ့အပြင် ကောက်ထားသေးတော့ မနည်းကို ဆံထုံးဖြစ်အောင် လုပ်ရမယ်။ မိတ်ကပ်လည်း သိပ်ထူလို့ မဖြစ်ဘူး။ ဒါမှ ခြံစိုက်စားတဲ့ ရိုးရိုးအအပုံလေး ထွက်နေမှာ၊ နှုတ်ခမ်းနီကိုတော့ အခုလို ရဲနေတဲ့ ကာလာ ဆိုးလို့ မရဘူးနော် မမစည်"

မသန်းခင်သည် တတွတ်တွတ် အဆက်မပြတ် ပြော၏။ အဒေါ်စည်ကမူ -

"တော်ပြီ ညီမရယ် တော်ပြီ၊ ညီမ ကြိုက်တာသာ လုပ်တော့။ မမစည် တော့ ညီမ ပြင်သလိုပဲ ပွဲတက်မယ်။ အခုတော့ စာမရသေးဘူး၊ စာပဲ ကျက်မယ်"

ဟု ညည်းတီးတီး ပြောသည်။ ထိုနေ့ တစ်နေ့လုံး နှစ်ယောက်သား အတော်ပင် အဆင်ပြေနေ၏။

(၆)

"အခု နှစ်ဆယ့်တစ်ရာစုကြီးမှာ ပြောရမယ့် အိမ်နောက်ဖေး ဈေးဆိုင်တည်ခြင်းရဲ့ အကျိုးမှာ လတ်ဆတ်တဲ့ ဟင်းလျာ၊ အပိုဝင်ငွေ စတာတွေတင် မကတော့ပါဘူး။ မိမိကိုယ်ကို၊ မိမိ မိသားစုကို အဆိပ်သင့်စေမယ့် ဇီဝဓာတု ပိုးသတ်ဆေးတွေရဲ့ အန္တရာယ်ကနေ ကာကွယ်နေတာပဲ ဆိုတဲ့ အကြောင်းအရာကို အလေးထား ပြောကြားရင်း နိဂုံးချုပ်ပါရစေရှင်"

အဒေါ်စည်၏ ကျဘမ်းစကားပြောမှု ပြီးဆုံးလျှင် လက်ခုပ်သံသည် တဖြောင်းဖြောင်းပင် မြိုင်မြိုင်ကြီး ထွက်လာသည်။ မသန်းခင်သည် ရတ်ချည်းပင် စင်ပေါ်မှ ခပ်တုန်တုန် ဆင်းလာသော အဒေါ်စည်၏ ဘေးကို အပြေးရောက်လာပြီး -

"မမစည်၊ မမစည်ရဲ့ ဝတ်စားဆင်ယင်မှုက အမှတ်ပြည့်ပဲ၊ ဒိုင်တွေ နောက်ကနေ ကျွန်မ ချောင်းကြည့်ခဲ့ပြီးပြီ"


mgyoe.com

mgyoe.com SAMPLE BOOK

ဟု ဝမ်းသာအယ်လဲ ပြောသည်။ နောက်ဆုံးတွင် ဒေါ်စည် ပထမဟု ကြော်ငြာချိန်တွင်ကား နှစ်ယောက်သား 'ဟေး... မြို့မရဲစခန်းကွ' ဟု ဝမ်းသာအားရ အော်မိကြ၏။

(၇)

နောက်တစ်နေ့ မနက်တွင် မသန်းခင်သည် ပြုံးစိစိဟန်ဖြင့် ရှိနေ၏။ ပထမဆုရှင် အဒေါ်စည်ကား ပစ္စည်းပစ္စယ အနည်းငယ်ကို ပွေ့ပိုက်လျက်သား စူပုတ်နေသည်။ နှုတ်မှလည်း -

"ဘယ့်နှယ်တော်၊ ဝန်ကြီးက တခြား လုပ်စရာများ မရှိတော့ဘူးလား၊ အလုပ်မရှိ ကြောင်ရေချိုး။ ချဉ်ပေါင်ခင်းများ လိုက်ကြည့်ချင်ရတယ်လို့"

ဟု မကျေမနပ် ရေရွတ်နေ၏။ အကြောင်းကား ကျဘမ်းစကားပြောပြိုင်ပွဲနှင့် ကြုံသော ဧည့်သည်တော် ပြည်နယ်ဝန်ကြီးက -

"အဒေါ်စည်ရဲ့ အပြောကောင်းလွန်းလို့ မနက်ဖြန်တော့ ရဲစခန်းဝန်းထဲ လာကြည့်ဦးမယ်"

ဟု ဆုပေးရင်း မိန့်မြွက်ခွေလိုက်သောကြောင့်ပင်တည်း။ ယင်းအတွက် အိမ်ဝင်း ပတ်ပတ်လည်တွင် သီးပင်စားပင် တော်တော်များများ စိုက်ပျိုးထားသည့် ကြွေးပင်လယ် မာဒွေး၏ အိမ်သို့ ထိုတစ်မနက်တာ ပြောင်းနေရန် ပြင်ဆင်နေရခြင်း ဖြစ်၏။ မသန်းခင်ကား 'စည်ပေါက်သွားပြီ ထင်ပါရဲ့ အသံတောင် ကျယ်ကျယ် မထွက်နိုင်တော့ဘူး' ဟု စိတ်ထဲမှ ရယ်သည်။

(၈)


ဧည့်သည်တော် ဝန်ကြီးသည် ညနေအထိ ရောက်မလာသေး။ အားလုံးသည် သူ့အိမ်ကိုယ့်အိမ်နေရင်း တမျှော်မျှော် စောင့်နေကြ၏။

မသန်းခင်သည် အိမ်ရှေ့တွင် ငုတ်တုတ်ထိုင်ရင်း 'အခုလို တစ်နေ့လုံး မဟာစည့်အသံ မကြားရတော့လည်း ဘာလိုနေသလိုလို' ဟု တွေးပြီး အဒေါ်စည်ကို သတိရနေသည်။

ရတီမဂ္ဂဇင်း၊ မေလ၊ ၂၀၁၄။


mgyoe.com

mgyoe.com SAMPLE BOOK



၊ အာရုပ်မ ၊

mgyoe.com

mgyoe.com SAMPLE BOOK

# အရုပ်မ

## (၁)

သူ့မယား ခင်သန္တာဆင့်သည် သူနှင့် သက်ဆိုင်သည့် ကလေးလေး တစ်ယောက်အား ပဋိသန္ဓေ လွယ်ပိုက်ထားရပြီ ဆိုသည့်အကြောင်း သိလျှင် ကျော်မောင်မောင်ကျော်၏ စိတ်တွင် လှိုက်ခနဲ ဖြစ်၏။ ‘ငါကွ’ဟု အော်ရနိုး၊ ရုပ်ရှင်ထဲကအတိုင်း ‘လူဖြစ်ပြီဟေ့’ ဟု လက်သီးလက်မောင်း တန်းရနိုး ဂနာ မငြိမ် ဖြစ်၏။

“ဟောဒီမှာ မြင်လား”

မျက်မှန်ထူထူ နှုတ်ခမ်းလန်လန်နှင့် ဖြစ်သော်လည်း မျက်နှာချိုသည် ဟု ထင်နေမိသော ဆရာမသည် လက်တစ်ဖက်က ကွန်ပျူတာလိုဟာနှင့် ကြိုးတန်းလန်း ဆက်ထားသည့် လေးထောင့်ပြားလေးကို ပျစ်ချွဲချွဲအရည်များ သုတ်လိမ်းထားသော သူ့မယား၏ ဗိုက်ပေါ်တွင် ဟိုရွှေ့ ဒီရွှေ့ ရွှေ့ရင်း ဆိုသည်။ ကွန်ပျူတာ မျက်နှာပြင်တွင်ကား ဖြူဖြူမည်းမည်း ရောရောယှက်ယှက်များ ရှိသည့် လေးထောင့်ကွက်နှင့် သေးမွှား သိမ်နုတ်လှသော အင်္ဂလိပ်စာ



mgyoe.com

mgyoe.com SAMPLE BOOK

သေးသေးလေးများသာ ရှိသည်။ ကျော်မောင်မောင်ကျော်ကား ခေါင်းကိုသာ ဇဝေဇဝါ ယမ်း၏။ ထိုအခါ ဆရာမသည် ချိုသာစွာ ပြုံးပြီး 'ဟောဒီမှာ' ဟု လေးထောင့်ကွက် အလယ်နားခန့်တွင် ရှိသော အစက်မည်းမည်းလေးအား ထောက်ပြ၏။ ထို အစက်မည်းမည်းလေးသည် လင်းချည်မှိန်ချည် လှုပ်ရှားနေသလိုတည်း။

"ဒါလေးကတော့ တော်တို့ ကလေးလေးပဲ၊ တစ်လကျော် နှစ်လနီးပါးတော့ ရှိပြီ။ အထီးလေးလား၊ အမလေးလားတော့ ခွဲမရသေးဘူး"

ကျော်မောင်မောင်ကျော်၏ ရင်သည် ထိတ်ခနဲ ခုန်၏။ ထိုအစက်ကလေးသည် သူ့ကလေးလေးတဲ့လားဟုလည်း တွေး၏။ သူ့မယားကို တစ်လှည့်၊ ကွန်ပျူတာ ဖန်သားပြင်ကို တစ်လှည့် ကြည့်မိသည်။ ထို့နောက်တွင် သူ သတိမထားမိခင်မှာပင် သူ့မျက်နှာသည် မှိုကျင်းတွေ့သည့် လူသဖွယ် နှုတ်ခမ်းစွန်း နှစ်ဖက်မှစကာ ပြုံပြုံလာသည်။ ပါးစုန့်များသည်လည်း တစ်ဖက်တစ်ချက်မှ မြောက်တက်လာ၏။ ခဏမျှ ကြာလျှင် မျက်စိပေါက် အားလုံး ပိတ်သွားပေသည်။ လက်နှစ်ဖက်သည် ဟိုနားထား အဆင်မပြေ၊ ဒီနားတင် အဆင်မပြေ။ နောက်ဆုံးတွင် လက်ဝါးချင်း အပ်ပြီး ခပ်နာနာ ပွတ်လိုက်မှပင် အဆင်ပြေပြီး နေသာထိုင်သာ ရှိသွား၏။

သူ့မယားသည် အိပ်ရာပေါ် ပက်လက်လဲနေရာမှ ဖျတ်ခနဲ ထသည်ကို မြင်လျှင် ကျော်မောင်မောင်ကျော်သည် 'အမယ်လေး' ဟု အသံတိတ် အော်၏။ ပြီးလျှင်မူ ခုတင်ပေါ်မှ ဆင်းလာသော သူ့မယားအား ဖမ်းတွဲရကောင်း၊ ဆီးပွေ့ရကောင်း၊ စူတူတူပင် မဖြစ်သေးသည့် သူ့မယား ဗိုက်ကိုပဲ ပြေးထိန်းရကောင်း ဂယောက်ဂယက် ဖြစ်ရ၏။

ဆရာမသည် ကလေးအဖေလောင်း လက်သစ်များကို မြင်ဖူး တွေ့ဖူး နေကျဟန်ဖြင့် ပြုံးပြီး -

"ကဲကဲ အရှေ့မှာ အိုဂျီမမနဲ့ တိုင်ပင်ကြ" ဟု ဆိုသည်။

ကျော်မောင်မောင်ကျော်သည် သူ့မယား မဗိုက်လက်သစ်အား အထူးကုဆေးခန်းအတွင်းမှ တွဲပြီး ထွက်လာချိန်တွင် သူ့စိတ်ထဲ၌ကား သားသမီး မကွဲသေးသော ကလေးအတွက် ခပ်ကြီးကြီး လောဘတစ်ခု ဖြစ်နေလေပြီ။ တက္ကစီပေါ် ထိုင်ချိန်တွင်ကား စိတ်တွင် မမျိုသိပ်နိုင်တော့။


mgyoe.com

mgyoe.com SAMPLE BOOK

"ကလေးကို ဆရာဝန်ပဲ ဖြစ်ဖြစ်၊ အင်ဂျင်နီယာပဲ ဖြစ်ဖြစ် သက်မွေးပညာ တစ်ခုခုတော့ ရအောင် လုပ်ပေးရမယ်"

ဟု မအောင့်နိုင် မအည်းနိုင် ရေရွတ်၏။ ခင်သန္တာဆင့်သည် 'အမယ်လေး မွေးပဲ မွေးပါစေဦး' ဟူသော မျက်နှာပေးဖြင့် တအံ့တသြ လှည့်ကြည့်သည်။ ကျော်မောင်မောင်ကျော်က -

"အင်္ဂလိပ်စာတော့ ရှယ်တတ်ရမယ်ကွ၊ ငယ်ငယ်တည်းနဲ့ အခြေခံကောင်းကောင်း ရအောင် ကျင့်ရမယ်"

ဟု စကားဆက်လျှင်မူ 'ကဲလွန်းသည်' ဟူသော မျက်နှာပေးဖြင့် တစ်ဖက်လှည့်သွားပြီး လမ်းပေါ်မှ လူသွားလူလာများကို ငေးနေ၏။

"အင်း ခေတ်ကြီးက တရုတ်ကြီးစိုးတဲ့ ခေတ်ကြီးဆိုတော့ တရုတ်စာလည်း တတ်ဦးမှ"

ခင်သန္တာဆင့်သည် တုတ်တုတ် မလှုပ်။

"ဘာပြောပြော အနုပညာကိုလည်း ခံစားတတ်အောင် သင်ပေးရမှာပဲ၊ ဂီတ၊ စာပေ၊ ရုပ်ရှင် အားလုံးမှာ တော်နေရမယ်ကွာ"

ဟု ကျော်မောင်မောင်ကျော် ဆိုလိုက်ချိန်တွင်ကား ခင်သန္တာဆင့်သည် 'အဟွတ် အဟွတ်'ဟု လုပ်ချောင်း ဆိုး၏။ ပြီးလျှင် -

"အမယ်လေး ကလေးက ဗိုက်ထဲလည်း နှစ်လ ပြည့်ပါစေဦး။ မွေးဖို့ဖွားဖို့သာ ငွေစုဦး ကလေးအဖေကြီးရေ"

ဟု ခပ်ငေါ့ငေါ့ လေသံဖြင့် ပြော၏။ ကျော်မောင်မောင်ကျော်သည် ချော့သလိုလို ကတိပေးသလိုလိုဖြင့် သူ့မယား၏ လက်ကို ခပ်တင်းတင်း ဆုပ်ညှစ်သည်။ နှုတ်မှ ဘာမှ ထုတ်မပြောတော့သော်ငြား စိတ်ထဲတွင်ကား တသီကြီး ပြောနေ၊ တွေးနေမိသေး၏။

"အခု ငါတို့တွေလို သင်တန်းဆင်းလက်မှတ်တွေ ရရုံတင် မဟုတ်ဘဲ အမှန်တကယ်လည်း တတ်ရမယ်။ ပညာရပ်တွေ အားလုံးကို နှံ့နှံ့စပ်စပ် သိပြီး ပညာနဲ့ အသက်မွေးနိုင်တဲ့သူ ဖြစ်ရမယ်။ ပြီးတော့..."

ကျော်မောင်မောင်ကျော်၏ မျက်လုံးများသည် လမ်းတွင် ဖြတ်ကျော်ထားရစ်ခဲ့သည့် သစ်ပင်ကြီး သစ်ပင်ငယ်တို့အား ကြည့်လျက်ပင် တလက်လက် တောက်ပလာသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

(၂)

ကျော်မောင်မောင်ကျော်ကြောင့်ပင် ခင်သန္တာဆင့်တွင် နေစရာနေရာ မရှိတော့။ ထမင်းစားပြီး ခေတ္တ လှဲဦးမည်ဟု စဉ်းစားမိလျှင် 'လာ လမ်းလျှောက်မယ်' ဟု အတင်းဆွဲခေါ်၏။ ချဉ်သော စပ်သော စားစရာလေး တစ်ခုတလေ ကောက်ကိုင်မိလျှင်လည်း 'မစားနဲ့' ဟု ဆွဲယူသည်။ မနက်ခင်း အိပ်ရာနိုးချိန်တွင် ကိုယ်ဝန်ဆောင်အားဆေးတောင့်နှင့် ရေတစ်ခွက်ကိုင်ပြီး အနားတွင် ရပ်၏။ ဒါမှ ကလေးကောင်းမှာ ဟုလည်း နှုတ်မှ တကျကြွစွာ ဆိုသေး၏။ 'ညနေကို နို့တစ်ခွက်တော့ အမြဲသောက်မှ' ဟူသော စကားသံနှင့်အတူ ကျော်မောင်မောင်ကျော်နှင့် နို့တစ်ခွက်သည် ခင်သန္တာဆင့်အား အမြဲစောင့်ဆိုင်းလျက်တည်း။

"ဒါက ဆေးရောင်ခြယ်ကားချပ်၊ ဒါက အရောင်လေးတွေ မှတ်မိအောင် သင်ပေးဖို့ အရုပ်တွေ၊ ဒါက ကလေးကို ငယ်ငယ်ကတည်းကနေ စာဖတ်ချင်စိတ်ရှိအောင် ဆွဲဆောင်ဖို့ အရုပ်တွေနဲ့ပဲ ဇာတ်လမ်းဆင်ထားတဲ့ စာအုပ်၊ စာမပါဘူး"

စသဖြင့် ပညာရေးအထောက်အကူပြု ပစ္စည်းပစ္စယများကို တစ်ခုပြီး တစ်ခု မရိုးရအောင် ဝယ်လာတတ်သော ကျော်မောင်မောင်ကျော်အား ခင်သန္တာဆင့်သည် ကနဦးတွင် ချော့ကာမော့ကာ ပြော၏။

"မောင်ရေ ကျွန်မတို့ နှစ်ယောက်လုံး ရုံးဝန်ထမ်းတွေဆိုတာ မမေ့နဲ့ဦးနော်၊ နှစ်ယောက်ပေါင်းမှ လစာက သုံးသိန်းပြည့်တာ မဟုတ်ဘူး တော်ရေ"

ဟု အပျော့ဆွဲတစ်ဖုံ၊

"ကျွန်မကလည်း ဝမ်းနဲ့ လွယ်မွေးရတယ်ဆိုတာ သတိရပါဦး၊ ကျွန်မကလေးကို ကျွန်မကလည်း တော်စေချင် တတ်စေချင်တာပ"

ဟု မတင်းတတင်း တစ်မျိုး၊

"မွေးတယ် ဖွားတယ်ဆိုတာ ပြွတ်ခနဲဆို ပြီးသွားတာ မဟုတ်ဘူး တော်ရေ့ ငွေကုန်တယ်၊ ကံကောင်းလို့ ဗိုက်များ အခွဲခံရရင်ငွေက သိန်းဆယ်ချီရော့၊ တော့အဖေ၊ တော့အမေတွေက 'ရော့ဆယ်သိန်း' ပေးနိုင်တဲ့ ဇာတိကတွေ အောက်မေ့မနေနဲ့၊ ဘာပညာ ညာပညာ အရေးမပါတာတွေ၊


mgyoe.com

mgyoe.com SAMPLE BOOK

ကျုပ်တို့ ငယ်ငယ်တုန်းကလည်း ဘာမှမသင်ပါဘူး။ အချိန်တန်တော့လည်း အစိမ်းရယ်၊ အနီရယ် ခွဲသိတာပါပဲ"

ဟု ပွစိပွစိတစ်မျိုး အရေးဆို၏။

ကျော်မောင်မောင်ကျော်သည် ဘူးခပ်ပြားပြားတစ်ခုကို ပိုက်ပြီး အိမ်ပေါ်သို့ ဝမ်းသာအားရ ပြေးတက်လာသော ညနေခင်း တစ်ခုတွင်ကား ခင်သန္တာဆင့်တွင် ဘာဆိုဘာမှ ပြောချင်စိတ် မရှိတော့။

"ဒီခါးပတ်လေးကို ကိုယ်ဝန်ဆောင်တုန်းမှာ ပတ်ထားရင် ကလေး ဉာဏ်ကောင်းတယ်ဆိုလို့ ဝယ်လာတာ။ အဖေနဲ့ အမေ အပါအဝင် နှလုံးခုန်သံ ရှစ်ခုလောက် သူမှတ်နိုင်သတဲ့"

ခင်သန္တာဆင့်သည် ဘူးပြားလေးထဲမှ ထွက်လာသော၊ လက်ဖဝါး ချန်ပီယံများ ပတ်သောဆုတံဆိပ်နှင့် တူသည့် ခါးပတ်ကို ပြူးပြူးပြဲပြဲ ကြည့်ရင်း 'ဘုရား'ဟု စိတ်ထဲ တမိ၏။

"အဲဒါ ဘယ်လောက်လဲ"

ဟုလည်း အထစ်တငေါ့ မေးမိသည်။ ကျော်မောင်မောင်ကျော်ကား သူ့မိန်းမအကြောကို သတိမထားမိ။

"နှစ်သိန်းနှစ်သောင်းတည်းပါ"

ဟု ခပ်အေးအေး ဖြေသည်။ မိန်းမဖြစ်သူကား ရှေ့ရေးနောက်ရေးကို မတွေး၊ စဉ်းစားဆင်ခြင်ခြင်း မရှိသော သူ့လင်ကို စိတ်ကုန်စွာ ကြည့်၏။

"ဘယ်နှယ့်တော် တော့်ကိုယ်တော် သူဌေး အောက်မေ့မနေနဲ့။ အိမ်တောင် အိမ်ပိုင်မရှိတဲ့ အိမ်ငှား"

ဟု တစ်ခွန်းစ နှစ်ခွန်းစ ဒေါနှင့်မာန်နှင့် ရေရွတ်မိသေး၏။ ပြီးလျှင် စကားသံသည် ဖြည်းဖြည်း တိုးသွားပြီး ပြောချင်စိတ် မရှိတော့သလို တုံ့ခနဲ ရပ်သည်။

ထို့နောက်တွင်ကား ခင်သန္တာဆင့်သည် ချန်ပီယံခါးပတ်ကြီး တကားကားဖြင့် သူ့လင် ဝယ်လာသမျှကို ငုတ်တုတ် ထိုင်ကြည့်နေရ၏။ ကျော်မောင်မောင်ကျော်သည် မိုးဇက်၊ ဗီသိုဘင်တို့၏ ရှားရှားပါးပါး တေးသွားများ ပါသည့် စီဒီပြားများ၊ ရောင်စုံအရုပ်များ ပါသောကြွေစက္ကူချော စာအုပ်များ တစ်ခုပြီးတစ်ခု သယ်ဆောင်လာလျက် -


mgyoe.com

mgyoe.com SAMPLE BOOK

"တေးသီချင်းတွေက ကလေးတွေကို ဉာဏ်ကောင်းစေသတဲ့။ ငယ်စဉ်အခါ စာဖတ်ပြထားတဲ့ ကလေးတွေက ကြီးရင် စာသင်တဲ့အခါ အခက်အခဲ မတွေ့ရဘူးတဲ့"

ဟု နှုတ်မှ တတွတ်တွတ် ရွတ်သည်။ ခင်သန္တာဆင့်သည် သက်ပြင်းကြီး သက်ပြင်းငယ်များကိုသာ အလီလီ ချရပေ၏။

(၃)

"အရုပ်ကလေး ကျနေတာပဲကွာ"

ကျော်မောင်မောင်ကျော်သည် သူ့သမီးအား ပထမဦးဆုံး မြင်လျှင် ထိုသို့ ဆို၏။

"ကြည့်စမ်း ကြည့်စမ်း။ မျက်တောင်လေးကို စင်းလို့၊ နှာခေါင်းကလည်း လုံးလုံးလေး၊ အသားက ရဲရဲ၊ နှုတ်ခမ်းက ဖူးဖူးဆိုတော့ တကယ် အရုပ်ကလေး ကျနေတာပဲ"

ကျော်မောင်မောင်ကျော်သည် ကလေးကို ပီပီလည်း မထိဝံ့။ မထိဘဲလည်း မနေနိုင်၊ မထိတထိ စသည်။ ကလေးက တွန့်လိမ်ပြီး ခြေဆန့်လက်ဆန့် လုပ်လျှင် 'ဟောဟော' ဟု အလန့်တကြား ဆိုပြီး တဟားဟား ရယ်၏။ ကလေးက ခေတ္တမျှ ငြိမ်သွားပြန်လျှင် 'ဟော သူ့အဖေအသံကို မှတ်မိတယ်' ဟု ဝမ်းသာအားရ ဆိုသည်။ ထို့နောက် သူ့သမီးအား တစိမ့်စိမ့် ကြည့်ရင်း သူ့မိန်းမကို တတိတိ မှာတမ်းချွေ၏။

"ရိုးရိုးမွေးတာ ဆိုတော့ နှစ်ရက်ဆို ဆေးရုံက ဆင်းရမယ် ပြောတာပဲ။ အဲဒါ ဆရာဝန်တွေ ပြောတဲ့အတိုင်း ကလေးကို နို့ပဲတိုက်ပါ။ ရေတွေ တခြား ဘာတွေမှ မတိုက်နဲ့နော်။ ကလေးကို ခြောက်လအထိ နို့ပဲတိုက်တာက နမိုးနီးယားကို သုံးဆခွဲ၊ ဝမ်းပျက်ဝမ်းလျှောကို လေးဆခွဲ ကာကွယ်ပေးသတဲ့"

ခင်သန္တာဆင့်သည် ဗဟုသုတ စုံလင်လွန်းသော သူ့ယောကျ်ားကို ငေးသာ ကြည့်နေရတော့၏။ ကျော်မောင်မောင်ကျော်ကား သူ့သမီးအား 'အရုပ်မ အရုပ်မလေးလား' ဟု မြှူနေလေ၏။


mgyoe.com

mgyoe.com

SAMPLE BOOK

(၄)

ကျော်မောင်မောင်ကျော်သည် သူ့သမီးအား ရှည်မှ ကြိုက်သော ခေတ်နှင့်အညီ 'နှင်းမြတ်ဖူးငုံထွေး' ဟု မြတ်မြတ်နိုးနိုး အမည်ပေး၏။ သို့သော် အားလုံးကမူ 'အရုပ်မ' ဟုသာ ဝိုင်းပြီး ခေါ်ကြ၏။ ထိုအရုပ်မ အိမ်သို့ ရောက်လာချိန်တွင် သူတို့အိမ်သည် မိုးဇက်၏ ဂီတသံ၊ ဗီသိုဘင်၏ တေးသွားသံများဖြင့် သောသောညံသည်။ မြေး မွေးသည်ဟူသော သတင်းကြောင့် နယ်မှ ဝမ်းသာအားရ ရောက်လာကြသော နှစ်ဖက်အမေများသည် တစ်ပတ်မျှ ကြာလျှင် –

"ပြန်မယ်အေ၊ သူ့အဖေနဲ့တင် စိတ်ကုန်လွန်းလို့"

ဟု အထုပ်ကိုယ်စီ ဆွဲကာ ပြန်ပြေးကြ၏။ နောက်ပိုင်းတွင်ကား ဂီတသံစဉ်များသာ မကတော့ဘဲ 'ညည်း ရှောက်ပင်တက်၊ ငါ သံပုရာပင် တက်မယ်' ဟူသော တရုတ်စကားပြောခွေများ၊ 'ဘေးဘီ လေးဒီ' ဟူသော အင်္ဂလိပ်စကားပြောခွေများပါ ဖွင့်၏။ အရုပ်မ သုံးလကျော်လျှင်ကား အတော် ပင် အောင့်အည်းစောင့်နေရပုံပေါ်သော ကျော်မောင်မောင်ကျော်သည် အီစွပ် ၏ ပုံပြင်များ၊ အန်ဒါဆင်း၏ ပုံပြင်များကို စတင်ဖတ်ပြသည်။ ခေါင်းကို ဟိုလှည့် ဒီလှည့် လုပ်နေသော သမီး၏ မျက်နှာရှေ့တည့်တည့်သို့ စာအုပ်ကို ရှေ့တိုးကာ 'ဆင်ဆင်၊ ဝူးလို့ အော်တယ်' ဟု သင်၏။

ကလေး ခြောက်လအရွယ် ငုတ်တုတ်ထိုင်လျှင် ရောင်စုံခြယ် ကြွေ စက္ကူချောစာအုပ်များကို ထုတ်ကာ အဖေနှင့် သမီး စာဖတ်ကြ၏။ အဖေက 'ဒါက ကြောင်၊ ညောင်လို့ အော်တယ်' ဟု ဆို၏။ သမီးကား အဖေ၏ လက်ထဲမှ စာအုပ်ကိုဆွဲကာ ပါးစပ်နှင့် ကိုက်၏။ ခင်သန္တာဆင့်သည် ထိုအဖြစ်ကို မြင်ပြီး-

"မောင့်သမီးက အတော်ကို စာကြိုက်ပုံပဲ"

ဟု ထေ့သည်။ အချိန်တို့သည် တဖြည်းဖြည်း ကုန်ခဲ့သည်။ အရုပ်မ သည် မတ်တတ်ရပ်၏။ လမ်းလျှောက်၏။ 'ဖေဖေ၊ မေမေ' စခေါ်၏။ ထို့နောက် တဂျောင်းဂျောင်း ပြေး၏။ ကျော်မောင်မောင်ကျော်သည် သူ့သမီး တစ်ခုခု လုပ်တိုင်း ပါးစပ်ကို နားရွက်ချိတ်လုမတတ် ပြုံးကာ 'ဉာဏ်ကောင်းတယ်ဟေ့' ဟု တွင်တွင် ဆိုသည်။ အရုပ်မ သုံးနှစ်သမီး ကျော်ကျော်တွင် သမီးလေး



mgyoe.com

mgyoe.com SAMPLE BOOK

တီးဖို့ဟု အော်ဂင်အသေးလေးတစ်လုံး ဝယ်လာ၏။ ခင်သန္တာဆင့် စိတ်တွင် ဆူဆူပူပူ အနည်းငယ်မျှ လုပ်မိသည်။ သို့သော် 'အင်းလေ အခုလို ဂရုစိုက်လို့လည်း သမီးက သူများကလေးတွေထက် ပိုတော်နေတာပဲ' ဟု ဖြေတွေးတွေးပြီး စိတ်ကို လျှော့ချရ၏။ သူမ၏ စိတ်ထဲတွင်လည်း အခြားသော ကလေးများနှင့် ယှဉ်လျှင် သမီးအရုပ်မသည် ပိုပြီး ဉာဏ်ရည်ထက်မြက်သည်ဟု ထင်လာ၏။ စိတ်အလိုဆန္ဒ မပြည့်ခြင်းကိုလည်း အတော်ပင် ထိန်းချုပ်နိုင်ကာ အငိုအရယ် သိပ်မရှိဟု ထင်၏။

နေ့လယ်ခင်း တစ်ခုတွင်မူ ခင်သန္တာဆင့်သည် ထမင်းချက်ရင်း ခြေထောက်ကို အပူလောင်သည်။ အရုပ်မသည် တကျွတ်ကျွတ် ညည်းညူနေသော သူ့အမေ စေခိုင်းခြင်းမရှိဘဲ ရေအေးရေ တစ်ဖလုံ ယူပေး၏။ သွားတိုက်ဆေးဘူးပါ ယူပေးသည်။ သူ့အမေကား သူ့သမီးကို အံ့သြသဖြင့် နာသည်ကိုပင် မေ့သလို ဖြစ်သွားသည်။ သူ့လင် အလုပ်မှ ပြန်လာချိန်တွင် 'ယောကျာ်းရေ' ဟု အစချီပြီး သမီးဖြစ်သူ အကြောင်းကို ဝမ်းသာအားရ ပြော၏။ ကျော်မောင်မောင်ကျော်ကား ဂုဏ်ယူဟန် တပြုံးပြုံး။ နောက်ဆုံးတွင်မှ 'ကြိုးစားခဲ့သမျှ အရာထင်ပြီပေါ့' ဟု ဆိုသည်။

ဤသို့ဖြင့်ပင် အရုပ်မသည် သူငယ်တန်း ကျောင်းသူကြီး ဖြစ်လာ၏။ ကျော်မောင်မောင်ကျော်၏ အမေ နယ်မှ ခဏတစ်ဖြုတ် အလည်ရောက်နေသည့် ဘွားအေကြီးကမူ ထိုသူငယ်တန်းကျောင်းသူ အရုပ်မကို ကြည့်ကာ-

"ငါနှယ့်အေ ဒီဘဝ သေပြီးလို့ နောက်ဘဝ လူပြန်ဖြစ်ရမှာတောင် ကြောက်ကြောက်သေးရဲ့။ သူငယ်တန်းတဲ့အေ ကျုပ်ရှင်လေးခု တက်ရတယ်လို့များ ဘယ်ခေတ်ကမှ မကြားဖူးပါဘူး။ ကလေးခမျာ သူ့စာအုပ် အလေးချိန်မှ သူနိုင်ရဲ့လားပဲ။ အင်း... သုံးပိသာလောက်တော့ အသာလေးနေမှာပဲ"

ဟု ရေရွတ်ရှာသည်။

(၅)

မည်မျှပင် ဉာဏ်ရည် ထက်မြက်စေကာမူ အရုပ်မသည် ပညာခေတ်၏ လှိုင်းတော့ အပုတ်ခံရပေ၏။ အစစ်အမှန် တတ်အောင်သင်သော


mgyoe.com

mgyoe.com SAMPLE BOOK
ဆရာ၏ ကျူရှင်၊ အမှတ်ကောင်း ရရန်အတွက် တက်သော အတန်းပိုင်ဆရာ၏ ကျူရှင်၊ နေ့ခင်းတွင် တက်ရသောကျောင်း၊ အဖေနှင့် အမေ၏ လောဘကြောင့် တက်ရသော အင်္ဂလိပ်စကားပြောသင်တန်း၊ တရုတ်စကားပြော သင်တန်းနှင့် စန္ဒရားတီးသင်တန်း ထိုထို များပြားလှသော သင်တန်းများကြားတွင် အရုပ်မသည် တဖြည်းဖြည်း မောပန်းနွမ်းနယ်ကာ လုံးပါးပါးလာ၏။

ထိုသို့ဖြင့် လေးတန်းအောင် ငါးတန်းတက်သော နှစ်တွင်မူ အရုပ်မသည် ကျောင်းမသွားချင်ဘူးဟု အတင်းငြင်းဆန်သောအဆင့် ဖြစ်လာ၏။ ကျော်မောင်မောင်ကျော်နှင့် ခင်သန္တာဆင့်သည် ရုတ်တရက် အရှိုက်ကို အထိုးခံရသလိုပင်တည်း။ သို့သော် လူကြံလျှင် ထရံပင် တုတ်ခနောင်း ဖြစ်ရသေးရာ နောက်ဆုံးတွင် လမ်းတွေ့သည်ပင်။ ဤသို့ဖြင့် အနှစ်နှစ် အလလက စုဆောင်းထားသော ပစ္စည်းဥစ္စာများကို ဖြောကာ အရုပ်မအတွက် နောက်ဆုံးပေါ် ပညာရေးအထောက်အကူပြု စာကျက်ကူစက်ကြီးကို ဝယ်လိုက်ကြလေသည်။

ထိုစက်ကြီး၏ အသုံးဝင်ပုံကား အံ့မခန်း ဖြစ်၏။ နေ့လယ်နေ့ခင်းတွင် သင်ကြားခဲ့ရသမျှ သင်ခန်းစာများထဲမှ ကိုယ်လေ့လာလိုသော၊ ကိုယ်မကျေညက်သော သင်ခန်းစာများအား စက်ထဲထည့်မှတ်ပြီး ညအိပ်ချိန်တွင် ထိုစက်၏ အစိတ်အပိုင်းဖြစ်သော ဦးထုပ်တစ်လုံး ဆောင်းအိပ်ရုံသာ ဖြစ်သည်။ ထိုအခါတွင် လူသည် အိပ်ပျော်လျက်သားပင်၊ လူ၏ ဦးနှောက်သည် စက်၏ အကူအညီဖြင့် ထိုသင်ခန်းစာအား ထပ်ပြန်တလဲလဲ ကျေညက်စေ၏။ ထိုသို့ဖြင့် အရုပ်မသည် တဖြည်းဖြည်း ကျောင်းပျော်လာပြန်သည်။ ဘာမေးမေး ဒေါက်ခနဲ ပြန်ဖြေလာနိုင်သည်။ အားလုံးသည် 'အရုပ်မ တော်တယ်၊ အရုပ်မ တတ်တယ်' ဟု လက်ဖျားခါရသည်အထိ ဖြစ်လာလေ၏။

(၆)

နှင်းထူထူကြောင့် အတန်ငယ် မှောင်သော မနက်ခင်းတစ်ခုတွင် ခင်သန္တာဆင့်သည် သူ့လင် ကျော်မောင်မောင်ကျော်အား တီးတိုးကပ်ကာ ပြော၏။

ဇလပ်နီစာပေ
mgyoe.com

mgyoe.com

"မောင်ရေ သမီး အီးအီး မပါတာ ခြောက်ရက် ရှိပြီနော်။ ခါတိုင်းလိုဆို မနေ့က အီးအီးပါရမယ့်ရက်၊ အဲဒါ တစ်ရက်ကျော်သွားပြန်ပြီ။ အစာကလည်း တစ်ပတ်လုံးစာ ဆန်နို့ဆီဘူး နှစ်လုံးကနေ တစ်လုံးခွဲ လျော့သွားတယ်။ ရေကလည်း တစ်ပတ်လုံးမှ ရေသန့်လေးဘူးစာပဲ သောက်တယ်။ မောင့်အကြံ က အခုထိ ရှာလို့မရသေးဘူးလား။ သမီးက တဖြည်းဖြည်း ပိုပိုဆိုးလာပြီ"

အရုပ်မသည် ကျော်မောင်မောင်ကျော်နှင့် ခင်သန္တာဆင့်၏ မလှမ်း မကမ်းတွင် စက်ရုပ်သဖွယ် မျက်တောင်ကို ဖွင့်ချည်ပိတ်ချည် တဖျတ်ဖျတ်ခတ်၊ ခြေ၊ လက်နှင့် ကိုယ်တို့သည် ပျော့ပြောင်းမှု မရှိ၊ ဆတ်တောက်ဆတ်တောက် လမ်းလျှောက်လျက်၊ မရယ်မပြုံး တည်တင်းတင်းရှိ၏။ ကျော်မောင်မောင်ကျော် သည် သူ့သမီးကို မသိမသာ ငေးရင်း ခေါင်းကို တပြင်းပြင်း ကုတ်၏။ စိတ်ထဲ ကမူ စာကျက်ကူစက်ကြီး ဝယ်စဉ်က ဆိုင်ရှင်ပြောလိုက်သော စကားကို ပြန် ကြားမိ၏။

"ဆေးတွေလိုပဲဗျ။ ဘေးထွက်ဆိုးကျိုးကတော့ အနည်းအများတော့ ရှိတာပဲ။ လက်ကိုင်ဖုန်းတွေသုံးရင် ဦးနှောက်မှာ ကင်ဆာဖြစ်တယ်တို့လိုပေါ့။ ဒီစက်သုံးရင် လူက လူစိတ်ပျောက်ပြီး စက်ရုပ်လိုမျိုး ဖြစ်လာတတ်တယ်လို့ တော့ တချို့ ပြောကြတာပဲ။ ဒါကလည်း သိပ်သေချာတာ မဟုတ်ပါဘူး"

ကျော်မောင်မောင်ကျော် သက်ပြင်းကို ကြိတ်ရှိုက်မိ၏။ ပြီးလျှင် 'ငါ လောဘကြီးလို့ ဖြစ်ရတာ' ဟု အပြစ်တင်မိ၏။ သို့သော် ချက်ချင်းပင် 'အင်းလေ အဖေက သမီးကို တော်စေချင်တာ အပြစ်မှ မဟုတ်ဘဲ' ဟု ဖြေလျော့တွေးမိ သေး၏။ သေချာသည်ကား သူ့သမီး လူအရုပ်မသည် တကယ့် အရုပ်မ ဖြစ်လေပြီတည်း။ ကျော်မောင်မောင်ကျော်သည် 'အီး' ခနဲ ကျိတ်ပြီး ညည်းတွား မိ၏။

ရွှေအမြုတေမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၁၄။

⁜


mgyoe.com